# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၇)၊ ၁၃၈၇ ခုနှစ် ၊ နတ်တော်လပြည့်ကျော် ၂ ရက် ၊ ၆-၁၂-၂၀၂၅၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၇) ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

# တပ်မတော်နည်းပညာတက္ကသိုလ်၏ လမ်းညွှန်ဆောင်ပုဒ်အတိုင်း နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားရသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၅

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၃ သို့ ★

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၅

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

ဝ-ဝ-ဝ-ဝ-ဝ

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်၊ စနေနေ့။

မန္တလေး

## စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင် လူသားအရင်းအမြစ်များ သင်ကြားလေ့ကျင့်ပေးလျက်ရှိ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိက စီးပွားရေးအဖြစ် ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးပညာရှင် လူသားအရင်းအမြစ်များစွာ မွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား)တွင် သုံးနှစ်တာကာလအတွင်း စာတွေ့လက်တွေ့ သင်ယူပေါက်မြောက်ခဲ့မှုကို နိုင်ငံတော်က အသိအမှတ်ပြုသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စားရေရိက္ခာဖူလုံပိုလျှံရေး၊ အာဟာရပြည့်ဝရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော လူ့စွမ်းအားအရင်းအမြစ်အသစ်များ ပေါ်ထွက်လာသည့်အထိမ်းအမှတ်နေ့လည်း ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးရေးအခြေခံကုန်ထုတ်လုပ်မှု (Agro-based Industries) ကို ထွန်းကားအောင် အဓိက ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ပန်းတိုင်များကို အာရုံစိုက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစီ့ဆောင်ပုဒ်နှင့်အညီ ကဏ္ဍအသီးသီးကို ချိတ်ဆက်အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဒီဇင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား)၏ ဒသမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာနှင့် ဒုတိယအကြိမ်မြောက် မွေးမြူရေး ဒီပလိုမာအောင်လက်မှတ်အပ်နှင်းပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

ဒီပလိုမာ ပြီးမြောက်သူများအနေဖြင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)တို့တွင် ဆက်လက်၍ ဘွဲ့ကြိုနှင့် ဘွဲ့လွန်ပညာရပ်များ သင်ယူခွင့်ရရှိမည်ဖြစ်သည်။

ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားရာတွင် သက်ဆိုင်ရာလုပ်ငန်းများ၌ ဝင်ရောက်လုပ်ကိုင်ပါက သတ်မှတ်ကာလတွင် On Deputation ဖြင့် အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူခွင့်ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ဦးရွက်ပြုနိုင်သော စိုက်ပျိုး-မွေးမြူရေးပညာရှင်များ ဖြစ်လာစေရန်နှင့် ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်သူများဖြစ်လာစေရေး ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီးက ပထမနှစ်မှ တတိယနှစ်အထိ တန်းစဉ်ပေါင်း ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ပျဉ်းမနား) ကျောင်းအုပ်ကြီးက စိုက်ပျိုးရေး ဒီပလိုမာဘွဲ့ ၁၆၈ ဦးနှင့် မွေးမြူရေးဒီပလိုမာဘွဲ့ ၃၂ ဦးကို ဆိုင်ရာအောင်လက်မှတ်များ ပေးအပ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ ၁၅ ကျောင်းအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူ ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်လျက်ရှိသော အလယ်အလတ်အဆင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင် လူသားအရင်းအမြစ်များ သင်ကြားလေ့ကျင့်ပေးလျက်ရှိရာ ယနေ့အခမ်းအနား၌ ဒီပလိုမာလက်မှတ် ရရှိသူများအပါအဝင် စိုက်ပျိုးရေးဒီပလိုမာလက်မှတ်ရ ၅၆၈၄ ဦးနှင့် မွေးမြူရေးဒီပလိုမာလက်မှတ်ရ ၁၇၉ ဦး စုစုပေါင်း ၅၈၆၃ဦးအား မွေးထုတ်ပေးနိုင်ခဲ့ကြောင်း ရေးသားလိုက်ရပေသည်။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကြက်တောင်ရိုက်အားကစားပြိုင်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စက်ရုံနှင့်မော်တော်ယာဉ်ဌာနမှကြီးမှူး၍ ကြက်တောင်ရိုက် အားကစားပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်း မိုးလုံလေလုံအားကစားရုံတွင် အားကစားပွဲများကို ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဌာနမှူး၊ အရာထမ်းများနှင့် အမှုထမ်းများ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။



ကြက်တောင်ရိုက်အားကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အမျိုးသားနှစ်ယောက်တွဲ ပွဲစဉ် (၁၆)ပွဲမှ ပွဲစဉ်(၂၃)အထိ လည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲ ပွဲစဉ်(၁၁)ပွဲမှ ပွဲစဉ်(၁၆)ထိလည်းကောင်း အမျိုးသားအမျိုးသမီး နှစ်ယောက်တွဲပွဲစဉ်(၁၆)မှ ပွဲစဉ်(၂၃)အထိ ပျော်ရွှင်စွာယှဉ်ပြိုင်နေမှုများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများက ကြည့်ရှုအားပေးခဲ့ကြသည်။

ကြက်တောင်ရိုက်အားကစားပြိုင်ပွဲများကို ၄-၁၂-၂၀၂၅ ရက်မှ ၈-၁၂-၂၀၂၅ ရက်အထိ နံနက်ပိုင်းများတွင် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်၊ အမျိုးသားအမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၃)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊အောက်ကမ်းနားလမ်း၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ ရှင်အရဟံသိမ်ရှေ့နှင့် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတို့တွင် လည်းကောင်းရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)(မန္တလေးနေ့စဉ်-၆)**




မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# အင်ဂျင်နီယာတပ်ဖွဲ့ဝင်ဖြစ်လာမည့် ရဲဘော်တို့သည် ခြေလျင်စစ်သည်များကဲ့သို့ တိုက်ပွဲဝင်နိုင်ရန် မိမိတို့၏ တပ်ဖွဲ့ဆိုင်ရာ စစ်အင်ဂျင်နီယာ ပညာရပ်သာမက စစ်နည်းဗျူဟာပညာရပ်များကိုပါ ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ထားရန်လိုအပ်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတာဝန်များကိုပါ စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်သည့် အင်ဂျင်နီယာ အတတ်ပညာရှင်များဖြစ်အောင် ကြိုးပမ်း

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူသတိုးသီရိသုဓမ္မ မင်းအောင်လှိုင်တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။





★ ရွှေဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးများ၊ တပ်မတော်နည်းပညာ တက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ခွဲများ၏အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုး မဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က တပ်မတော်နည်းပညာ တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၇)မှ အောင်စစ်သည် ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၄၈၇ ဗိုလ်လောင်း ဉာဏ်လင်းထက်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၅၃၆ ဗိုလ်လောင်း အာကာဖြိုးနှင့်စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၄၈၀ ဗိုလ်လောင်း စွမ်းထက်အောင်တို့အား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ကသင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် ယနေ့သည် တပ်မတော်နည်းပညာတက္ကသိုလ်၊ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၂၇)၏ သင်တန်းဆင်းပွဲနေ့ ဖြစ်သဖြင့် တပ်မတော်အတွက် အင်ဂျင်နီယာ အခန်းကဏ္ဍတွင်အားသစ်လောင်းသည့် မင်္ဂလာရှိသည့်နေ့ပင်ဖြစ်ကြောင်း၊ **"တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော အရည်အချင်းနှင့် ပြည့်စုံသည့် အင်ဂျင်နီယာဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ဘွဲ့ရအရာရှိများ မွေးထုတ်ပေးရန်"** ဆိုသည့် တပ်မတော်နည်းပညာ တက္ကသိုလ်၏ ရည်ရွယ်ချက်နှင့်အညီ ရဲဘော်တို့အနေဖြင့် သင်တန်းကာလ တစ်လျှောက်လုံး အင်ဂျင်နီယာပညာရပ်များအပြင် စစ်ပညာနှင့် ခေါင်းဆောင်မှုပညာရပ်များကိုလည်း ခြေလျင်တပ်စုမှူး အဆင့်အထိ စနစ်တကျ သင်ကြားလေ့ကျင့်ခဲ့ပြီးဖြစ်ကြောင်း။

**ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ထားရန် လိုအပ်**

စစ်အင်ဂျင်နီယာတပ်ဖွဲ့သည် မြန်မာ့တပ်မတော် အတွက် အားထားရသည့် လက်ရုံးဝန်ထမ်း တပ်ဖွဲ့တစ်ခုအဖြစ် ရပ်တည်ခဲ့ခြင်းသည် မြန်မာ့တပ်မတော် လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းနှင့် ထပ်တူဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ရင်းတပ်ဖွဲ့များအတွက် အင်ဂျင်နီယာပိုင်းဆိုင်ရာ ကဏ္ဍများတွင် စွမ်းစွမ်းတမံ ကူညီပံ့ပိုးပေးခဲ့သည်မှာလည်း ယနေ့ထိတိုင်ဖြစ်ကြောင်း၊ အင်ဂျင်နီယာတပ်ဖွဲ့သည်ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်များဖြစ်သည့် တပ်မတော်၏ ရွေ့လျားနိုင်ရေး၊ တိုက်ခိုက်နိုင်ရေးနှင့် နေထိုင်နိုင်ရေးဆိုသည့် အဓိက တာဝန် သုံးရပ်ကို ထိရောက်အောင်မြင်စွာ ထမ်းဆောင်နေသကဲ့သို့ စစ်ဆင်ရေးကဏ္ဍများတွင်သာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရေး ကဏ္ဍများတွင်လည်း အုပ်ချုပ်ရေးဌာန အဆောက်အအုံများ၊ နိုင်ငံ၏ မရှိမဖြစ်လည်ပတ်ရန် လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ အကြီးစား/အငယ်စား စက်မှုလုပ်ငန်းနှင့် စီးပွားရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ အပြင် လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန် လမ်း၊ တံတား ပြင်ဆင်ရေးစသည့် အင်ဂျင်နီယာ တပ်ဖွဲ့ဆိုင်ရာ အကူအညီများကိုလည်း ဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ ထို့ကြောင့် အင်ဂျင်နီယာ တပ်ဖွဲ့ဝင်ဖြစ်လာမည့် ရဲဘော်တို့သည် ခြေလျင်စစ်သည်များကဲ့သို့ တိုက်ပွဲဝင်နိုင်ရန် မိမိတို့၏ တပ်ဖွဲ့ဆိုင်ရာ စစ်အင်ဂျင်နီယာပညာရပ်သာမက စစ်နည်းဗျူဟာပညာရပ်များကိုပါ ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ထားရန် လိုအပ်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတာဝန်များကိုပါ စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်သည့် အင်ဂျင်နီယာ အတတ်ပညာရှင်များဖြစ်အောင် ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်း။

မျက်မှောက်ခေတ်ကာလတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများကို ကြည့်ပါက ယခင်က အဏုမြူလက်နက်၊ သမားရိုးကျလက်နက်များနှင့် ခြိမ်းခြောက်သည့် အခြေအနေမှ ယခုအခါမှာ နည်းပညာ အသုံးပြု စစ်ပွဲသဏ္ဌာန်များ၊ အင်အားကြီးသည့် နိုင်ငံများက အုပ်စုဖွဲ့ပြီး အင်အားနည်းသည့် နိုင်ငံများကို ကြားခံထားကာ အဆိုပါနိုင်ငံများ၏ အိမ်နီးချင်း အင်အားကြီးနိုင်ငံများကို နည်းမျိုးစုံဖြင့် ထိန်းချုပ်ဖို့ ကြိုးစားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နည်းပညာ တိုးတက်ပြောင်းလဲလာမှုကြောင့် စစ်မက်ရေးရာ အယူအဆများ၊ စစ်ပွဲ၏ ဖွဲ့စည်းပုံများ၊ စစ်ပွဲ၏ အကျယ်အဝန်းပုံသဏ္ဌာန်များနှင့် စစ်မဟာဗျူဟာများသည်လည်း တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲတိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ သတင်းနှင့် ကိန်းဂဏန်း အချက်အလက်များကို စုစည်းတွက်ချက်ရယူပြီး တိကျစွာ ပစ်ခတ်နိုင်သည့် လက်နက်စနစ်များ၊ အမိန့်ပေးစနစ်များနှင့် သတင်းကွန်ရက်စနစ်များကို ပေါင်းစပ်အသုံးပြုလာကြသည်ကို တွေ့ရှိရကြောင်း၊ စစ်နည်းဗျူဟာကျွမ်းကျင်မှု၊ လေကြောင်းအကဲသာမှုနှင့် အီလက်ထရောနစ် နည်းပညာသာလွန်မှု၊ လက်နက်ခဲယမ်းများ ခေတ်မီကောင်းမွန်မှု၊ ထိရောက်တိကျမှုတို့က စစ်ပွဲ၏အနိုင်အရှုံးကို အဓိက အဆုံးအဖြတ်ပေးလာခြင်း ဖြစ်ကြောင်း။

**နည်းပညာပိုင်းတွင် စဉ်ဆက်မပြတ် တိုးတက်စေရေး လုပ်ဆောင်**

ယနေ့ခေတ် စစ်ပွဲများတွင် နည်းပညာမြင့်မားတိုးတက်လာမှုနှင့်အတူ ဒရုန်းအသုံးပြုမှုနယ်ပယ်တွင်လည်း ကျယ်ပြန့်လာခဲ့ကြောင်း၊ ထို့ကြောင့် ဒရုန်းနှင့် တန်ပြန်ဒရုန်း နည်းဗျူဟာများ၊ ကာကွယ်ရန် နည်းလမ်းများကို ကောင်းစွာသိရှိနားလည်ပြီး ထိရောက်စွာအသုံးချနိုင်ရန်နှင့် နည်းပညာပိုင်းတွင်လည်း မျက်ခြည်မပြတ်စေဘဲ စဉ်ဆက်မပြတ် တိုးတက်စေရေး လုပ်ဆောင်ရန် လိုသည်ကို ပြောကြားလိုကြောင်း၊ နိုင်ငံတကာတွင် လက်ရှိဖြစ်ပေါ်တိုးတက်နေသည့် စစ်ဘက်သိပ္ပံနှင့် နည်းပညာ တိုးတက် ပြောင်းလဲမှုများကို စဉ်ဆက်မပြတ် လေ့လာပြီး မိမိနိုင်ငံ၊ မိမိတပ်မတော်အတွက် တပ်မတော်နည်းပညာတက္ကသိုလ်၏ **"ကျင့်ဝတ်၊ တီထွင်၊ စွမ်းအားရှင်"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဆန်းသစ်တီထွင် ထုတ်လုပ်နိုင်အောင် ကြိုးပမ်းသွားရန် လိုအပ်သည်ကို မှာကြားလိုကြောင်း။

စာမျက်နှာ ၄ သို့ ❍



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၄၈၇ ဗိုလ်လောင်း ဉာဏ်လင်းထက်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၅၃၆ ဗိုလ်လောင်း အာကာဖြိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၄၈၀ ဗိုလ်လောင်း စွမ်းထက်အောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

❍ စာမျက်နှာ ၃ မှ

မျက်မှောက်ခေတ် ကာလ စစ်ဘက်ဆိုင်ရာ သိပ္ပံနှင့် နည်းပညာများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ခေတ်သစ်စစ်ပွဲများတွင် ဦးဆောင်ကွပ်ကဲထိန်းချုပ်သည့် နည်းပညာကိုလူသားများအစား ဉာဏ်ရည်တုနည်းပညာ(AI) အသုံးပြုသည်အထိ တိုးတက်ပြောင်းလဲလာကြပြီဖြစ်ကြောင်း၊ စစ်ပွဲများတွင် ဉာဏ်ရည်တုနည်းပညာ(AI) စနစ်များကို အသုံးပြုခြင်းဖြင့် အချိန်နှင့် တစ်ပြေးညီ သတင်းအချက်အလက်များ စုဆောင်းနိုင်သည့်အတွက် ရန်သူ၏လှုပ်ရှားမှုများကို ထိထိရောက်ရောက် ထောက်လှမ်းနိုင်မည်ဖြစ်ကြောင်း၊ ဉာဏ်ရည်တုနည်းပညာ(AI)၏ အရေးပါသည့် အခန်းကဏ္ဍတစ်ခုမှာ ဆိုက်ဘာလုံခြုံရေးပင်ဖြစ်ကြောင်း၊ ဆိုက်ဘာတိုက်ခိုက်မှုများကို လျင်မြန်စွာ ဖော်ထုတ်နိုင်ပြီး အချိန်မီတုံ့ပြန်ကာကွယ်နိုင်ခြင်းကြောင့် စစ်ဘက်ကွန်ရက်များ၏ လုံခြုံရေးကို အမြင့်ဆုံးအထိ မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရဲဘော်တို့အနေဖြင့် ခေတ်နှင့်အညီ စဉ်ဆက်မပြတ်တိုးတက်ပြောင်းလဲနေသည့် အင်ဂျင်နီယာဆိုင်ရာ နည်းပညာများနှင့် လိုက်လျောညီစွာ ပြောင်းလဲနေသည့် စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာများကို **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အမြဲမပြတ်ကြိုးစားလေ့လာသင်ယူကြရန်လည်း မှာကြားလိုကြောင်း။

### အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်

တပ်မတော်အနေဖြင့် ကာကွယ်ရေးတာဝန်များအပြင် လူသားများအတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သည့် သဘာဝဘေးဖြစ်စဉ်များကို အလျင်အမြန် တုံ့ပြန်နိုင်ရေးများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် လတ်တလော ဖြစ်ပျက်ခဲ့သည့် မန္တလေး ငလျင်ဒဏ်ကြောင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ခြင်း၊ အန္တရာယ်ရှိ အဆောက်အအုံများကို ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကိုလည်း အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ပေးခဲ့ကြောင်း။

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ရှောင်လွှဲ၍ မရသော်လည်း ကာကွယ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း လုပ်ငန်းများကို အနာဂတ်ကာလ အတွက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများကို တည်ဆောက်ရာတွင် အင်ဂျင်နီယာရှုထောင့်မှကြည့်ပြီး အင်ဂျင်နီယာဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ငလျင်ဒဏ်ခံနိုင်အောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ခဲ့ရာတွင် လုပ်ငန်းများ စတင်ဆောင်ရွက်ကတည်းကပင် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လေပြင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် သဘာဝဘေးဒဏ်အန္တရာယ်များ ခံနိုင်မှုရှိစေရေးကို စနစ်တကျ တွက်ချက်တည်ဆောက်ခဲ့သဖြင့် ပြင်းထန်သည့် မန္တလေးငလျင်ကြီး ဖြစ်ပွားချိန်တွင် ဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီးတို့ တစ်စုံတစ်ရာ ထိခိုက်မှု လုံးဝမရှိသည်ကိုတွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ငလျင်ဒဏ်အပါအဝင် သဘာဝဘေးအန္တရာယ်များကို ကြိုတင်မြော်တွေးပြီး အင်ဂျင်နီယာပိုင်းဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောက်လုပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

သဘာဝဘေးဖြစ်စဉ်များတွင် ကယ်ဆယ်ရေး လုပ်ငန်းများကို သိလျှင်သိခြင်း အမိန့်တစ်စုံတစ်ရာ စောင့်ဆိုင်းခြင်းမပြုဘဲ အလျင်အမြန်သွားရောက် ကူညီဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ဘေးအန္တရာယ် ကယ်ဆယ်ရေး လုပ်ငန်းများအတွက် လူအင်အား၊ စက်ယန္တရား အင်အားနှင့် နည်းပညာအထောက်အပံ့ပေးစွမ်းနိုင်အောင် အသင့်အနေအထား ကြိုတင်ပြင်ဆင်လုပ်ဆောင်ထားရန်လည်း လိုအပ်သည်ကို မှာကြားလိုကြောင်း။

☆ မျက်မှောက်ခေတ်ကာလ စစ်ဘက်ဆိုင်ရာ သိပ္ပံနှင့် နည်းပညာများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ခေတ်သစ်စစ်ပွဲများတွင် ဦးဆောင်ကွပ်ကဲထိန်းချုပ်သည့် နည်းပညာကို လူသားများအစား ဉာဏ်ရည်တုနည်းပညာ(AI)အသုံးပြုသည်အထိ တိုးတက်ပြောင်းလဲလာကြပြီဖြစ်

☆ စစ်ပွဲများတွင် ဉာဏ်ရည်တုနည်းပညာ(AI)စနစ်များကို အသုံးပြုခြင်းဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ စုဆောင်းနိုင်သည့်အတွက် ရန်သူ၏လှုပ်ရှားမှုများကို ထိထိရောက်ရောက် ထောက်လှမ်းနိုင်မည်ဖြစ်

တပ်မတော်၏စစ်အင်ဂျင်နီယာ ခေါင်းဆောင်ငယ်များ အဖြစ် တာဝန်ထမ်းဆောင်ကြရမည့် ရဲဘော်တို့သည် လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝနေရမည်ဖြစ်ပြီး မိမိတို့ကွပ်ကဲရမည့် လက်အောက် တပ်ဖွဲ့ဝင်များကို မှန်ကန်သည့် ခေါင်းဆောင်မှု ပေးနိုင်ရန်လိုကြောင်း၊ အနာဂတ်၏ခေါင်းဆောင်များ ဖြစ်လာမည့် ရဲဘော်တို့အနေဖြင့် စိတ်ဓာတ်နဲ့ကိုယ်ကျင့်တရားကောင်းမွန်ရန် အရေးကြီးကြောင်း။

### ခေါင်းဆောင်ကောင်းများ ဖြစ်အောင် ကြိုးပမ်း

စစ်အင်ဂျင်နီယာ ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရမည့် ရဲဘော်တို့သည် ခေါင်းဆောင်မှုအင်္ဂါရပ် (၁၆)ရပ်နှင့်အညီ ပြုမူနေထိုင်ကြမည်၊ ကိုယ်ကျင့်တရား ကောင်းမွန်ကြမည်၊ အမိန့်နှင့် စည်းကမ်းကို စံနမူနာပြ လိုက်နာကြမည်၊ ပေးအပ်သည့် တာဝန်ကို စွမ်းရည်ပြည့်ဝစွာဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြမည်၊ တပ်မှူးကောင်း၊ ဖခင်ကောင်းစိတ်ဓာတ်ဖြင့် ကွပ်ကဲသွားကြမယ်ဆိုပါက လက်အောက် စစ်သည်များကလည်း ၎င်းတို့ရဲ့ ယုံကြည်အားကိုးရသည့် ခေါင်းဆောင်အဖြစ်၊ အထက်ကလည်း အားထားရသည့် ခေါင်းဆောင်ငယ်အဖြစ် အသိအမှတ်ပြုခံကြရမည်ဖြစ်သည့်အတွက် စံနမူနာပြ ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးပမ်းသွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် တပ်တိုင်းရဲဘော်တိုင်းတွင် "စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည် သုံးရပ်ပြည့်စုံမှု"ဆိုသည့် အခြေခံအရည်အချင်းငါးပါးနှင့် ပြည့်စုံရန် လိုအပ်ကြောင်း၊ အဆိုပါအခြေခံအရည်အချင်းများနှင့်ပြည့်စုံပြီး အင်အားတောင့်တင်းသည့် တပ်မတော်တစ်ရပ် ဖြစ်လာစေရန်အတွက် "လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်နှင့် တည်ဆောက်" ဆိုသည့် တပ်တည်ဆောက်ရေး လုပ်ငန်းကြီး(၄)ရပ်နှင့် အညီ တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ❍



တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

○ စာမျက်နှာ ၄ မှ

လေ့ကျင့်ရေးပိုင်း အနေဖြင့် မိမိတို့နေ့စဉ် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန် ဆောင်ရွက်နေခြင်းသည် လေ့ကျင့်ရေး ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ နေ့စဉ်၊ အပတ်စဉ်၊ လစဉ်လုပ်ဆောင်ရမည့် ကြံခိုင်ရေး လေ့ကျင့်ခန်းများကို တစ်ဦးချင်းစီ အလိုက်၊ အဖွဲ့အလိုက် မှန်မှန်ကန်ကန် လုပ်ဆောင်စေရေး အတွက်လည်း ကွပ်ကဲကြပ်မတ် ဆောင်ရွက်သွားရန် လိုကြောင်း၊ လေ့ကျင့်ရေးပိုင်းနှင့် ပတ်သက်ပါက စစ်သားကောင်းတစ်ယောက် ပီသအောင် နေထိုင်ကျင့်ကြံ လေ့ကျင့်ခြင်းဖြင့် မိမိကိုယ်ကိုနှင့် မိမိအဖွဲ့အစည်းကို အရည်အသွေး တိုးတက်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

### အုပ်ချုပ်မှု ညီညွတ်မှုတကောင်းမွန်ရေး အလေးထားလိုက်နာ

တပ်မတော်သည် ဆင့်ကဲ အုပ်ချုပ်မှုစနစ်ဖြင့် ဆောင်ရွက်ခြင်းကြောင့် ညီညွတ်မှုတသည့် အုပ်ချုပ်ရေးစနစ် ရှိရန်လိုအပ်ကြောင်း၊ စစ်သည်တိုင်း တစ်ဦးချင်းစစ်စည်းကမ်း ကောင်းမွန်ပြီး အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာများလည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ်သည့်အတွက် အုပ်ချုပ်မှု ညီညွတ်မှုတကောင်းမွန်ရေးကို အလေးထားလိုက်နာ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ မိမိ ကွပ်ကဲအုပ်ချုပ်ရသည့် စစ်သည်များအပေါ် တပ်မှူးကောင်းသဖွယ်၊ မိဘသဖွယ်စိတ်ထား၍ စိတ်ရင်းစေတနာကောင်းဖြင့် ကွပ်ကဲအုပ်ချုပ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် စစ်သည်အဆင့်အတန်းအားလုံးကို အဆင့်အလိုက် လျော်ညီသည့် ရပိုင်ခွင့်များ၊ ခံစားခွင့်များပေးထားပြီးဖြစ်သကဲ့သို့ ကွပ်ကဲအုပ်ချုပ်ရသူများအနေဖြင့် စစ်သည်အဆင့်အတန်းအားလုံး ရသင့်ရထိုက်သည်များကို မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိအောင် ကြပ်မတ်ကွပ်ကဲရမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ အခက်အခဲ၊ အကျပ်အတည်းများကိုလည်း တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မိမိတို့ရရှိသည့် ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင် သုံးစွဲခြင်းဖြင့် တစ်ဦးချင်း သက်သာချောင်ချိမှုကို ဖန်တီးနိုင်မည်ပင်ဖြစ်ကြောင်း။

အဆင့်ဆင့်သော ခေါင်းဆောင်များကိုယ်တိုင်က စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှ သာလျှင် စစ်သည် တစ်ဦးချင်းစီအလိုက် စိတ်ဓာတ်၊ စည်းကမ်းများ ကောင်းမွန်လာပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအား ကောင်းမွန်သည့် တပ်များဖြစ်လာမည်ဖြစ်ကြောင်း၊ တပ်တည်ဆောက်ရေး လုပ်ငန်းကြီး (၄)ရပ်သည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး တပ်များ၏ လေ့ကျင့်မှုများ မှန်ကန်မည်၊ အုပ်ချုပ် ထောက်ပံ့မှုများ ကောင်းမွန်မည် သက်သာချောင်ချိရေး ဆောင်ရွက်ပေးမှုများ ပြည့်ဝနေမည်ဆိုပါက တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တပ်ရင်း၊ တပ်ဖွဲ့များအပေါ် ခင်မင်တွယ်တာမှု၊ တပ်မတော်အပေါ် လေးစားယုံကြည်အားကိုးမှု၊ တပ်မတော်နှင့် နိုင်ငံတော်အတွက် စွန့်လွှတ်အနစ်နာခံလိုမှု စသည့် စိတ်ဓာတ်ကောင်းများ ဖြစ်ပေါ်လာမည်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီးကို ရောက်ရှိသည့်အခါတွင်တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်သဖြင့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းဖြစ်စဉ်နှင့် ခေတ်ကာလ၏တောင်းဆိုချက်အရ နိုင်ငံတော်နှင့် ပြည်သူအများစု၏ လိုအင်ဆန္ဒပန်းတိုင်သည် ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးဖြစ်ကြောင်း၊ အဆိုပါပန်းတိုင်ကို အမြန်ဆုံးရောက်ရှိရန် ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ရေးသည် အလွန် အရေးကြီးသည့်အတွက် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်မှ မယိမ်းယိုင်သွားအောင် တပ်မတော်က ထိန်းကျောင်းပေး လျက်ရှိကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ရန်အတွက် ရွေးကောက်ပွဲ လုပ်ငန်းစဉ်သည် မဖြစ်မနေ လုပ်ရမည့် လုပ်ငန်းစဉ်ဖြစ်ခြင်းကြောင့် လွတ်လပ်ပွင့်လင်းပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲ တစ်ခုအောင်မြင်စွာ ပြုလုပ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ဘက်ပေါင်းစုံမှ ပြင်ဆင်လုပ်ကိုင်ပေးလျက် ရှိနေကြောင်း၊ တပ်မတော်အနေဖြင့်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ပေါက်လာစေရေးအတွက် အရေးကြီးသည့် ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ရေးကို အားပေးထောက်ခံပြီး ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် အင်တိုက်အားတိုက် ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

ရွေးကောက်ပွဲ ဆိုသည်မှာ နိုင်ငံတော်ကို ဦးဆောင်မည့် အုပ်ချုပ်ရေးယန္တရား အပြောင်းအလဲအတွက် အချိုးအကွေ့တစ်ခုဖြစ်သဖြင့် လွတ်လပ်ပွင့်လင်းပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်လိုသကဲ့သို့ ပြည်သူများ ရွေးချယ်ပေးမည့် ကိုယ်စားလှယ်များသည် အရည်အချင်းရှိသူများဖြစ်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ပြည်သူ့ ကိုယ်စားလှယ်များကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို လေ့လာ၍ ဆန္ဒမဲပေးမှုနှင့် ပတ်သက်ပြီး မိမိတို့တာဝန်ကျရာ ဒေသအသီးသီးတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

### ခေတ်မီ တပ်မတော်အဖြစ် တည်ဆောက်ရာတွင် အဓိကအခန်းက ပါဝင်

တပ်မတော်ကို ခေတ်မီ တပ်မတော်အဖြစ် တည်ဆောက်ရာတွင် အင်ဂျင်နီယာကဏ္ဍသည် အဓိကအခန်းက ပါဝင်ခြင်းကြောင့် **“ကျင့်ဝတ်၊ တီထွင်၊ စွမ်းအားရှင်”** ဆိုသည့် တပ်မတော် နည်းပညာ တက္ကသိုလ်၏ လမ်းညွှန်ဆောင်ပုဒ်အတိုင်း နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားရသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ စစ်အင်ဂျင်နီယာ ခေါင်းဆောင်ငယ်များ အဖြစ် ထမ်းဆောင်ကြရမည့် ရဲဘော်တို့သည် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ရပ်နှင့်အညီ ပြုမူနေထိုင်ပြီး ကိုယ်ကျင့်တရား ကောင်းမွန်သည့်၊ အမိန့်နှင့် စည်းကမ်းကို စံနမူနာပြလိုက်နာပြီး ပေးအပ်လာမည့် တာဝန်များကို စွမ်းရည်ပြည့်ဝစွာဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် ခေါင်းဆောင်ငယ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရေးအတွက် စည်းရုံးခြင်းအပြင် မိမိတို့တာဝန်ကျရာ ဒေသအသီးသီးတွင် အဖျက်အမှောင့်လုပ်ငန်းများမရှိစေရေး၊ လုံခြုံရေးကို စနစ်တကျဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ခြင်းဖြင့် အောင်မြင်သည့် ရွေးကောက်ပွဲ တစ်ခုဖြစ်အောင် ဝိုင်းဝန်း ဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုး မဟာသရေစည်သူ သတိုးသီရိ သုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြ အခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြ အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုး မဟာသရေစည်သူသတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော် နည်းပညာတက္ကသိုလ်ကျောင်း ဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများ ရရှိခဲ့ကြသည့်အတွက် မိဘများနှင့် ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိကြောင်းနှင့် သင်တန်းကာလ ၆ နှစ်တာ ကာလတစ်လျှောက်လုံး စာပေပညာ၊ စစ်ပညာသင်ကြားမှုအပိုင်းတို့တွင် ကြိုးစားအားထုတ်မှု၊ မိမိကိုယ်ကိုစောင့်ထိန်းမှုတို့ကြောင့် ထိုက်တန်စွာရရှိခဲ့သည့် တန်ဖိုးရှိသည့် ဆုများပင်ဖြစ်ကြောင်း၊ သင်တန်းကာလတစ်လျှောက်ရရှိခဲ့ပြီးဖြစ်သည့် အခြေခံကောင်းများနှင့် မိမိကိုယ်ကို ထိန်းသိမ်းလုပ်ဆောင်တတ်သည့် အခြေခံ စိတ်ဓာတ်ကောင်းများကို ဆက်လက်ခိုင်မာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်စဉ် စာပေပညာအပြင် အတတ်ပညာကိုပါ သင်ယူရသည်ဖြစ်ပြီး တန်ဖိုးရှိသည့်ပညာရပ်များကို သင်ယူခဲ့ရသည်ဖြစ်သည့်အတွက် မိမိတို့၏ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်ပန်းတိုင်များ မပျောက်ပျက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ တတ်ကျွမ်းထားသည့် အတတ်ပညာများ၊ နည်းပညာများဖြင့် နိုင်ငံတော်နှင့် တပ်မတော်အကျိုးကို ထမ်းဆောင်သွားကြရန်လိုကြောင်း၊ ယနေ့ခေတ်တွင် နည်းပညာသည် အလွန်လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသည်ဖြစ်သည့်အတွက် စဉ်ဆက်မပြတ်သည့် လေ့လာမှု၊ သုတေသနပြုမှု၊ ကြိုးစား အားထုတ်မှုများဖြင့် ခေတ်ကို မျက်ခြည်မပြတ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သိသင့်သိထိုက်သည့်၊ တတ်သင့်တတ်ထိုက်သည့် အသိပညာ၊ ဗဟုသုတများကို ဖတ်မှတ်လိုက်နာ လေ့ကျင့်သွားရန် လိုသကဲ့သို့ မိမိလက်အောက်ငယ်သားများ၊ မိမိတာဝန်ကျရာ ပတ်ဝန်းကျင်ရှိ လူငယ်လူရွယ်များ သို့လည်း အသိပညာမျှဝေခြင်း၊ ဖလှယ်ခြင်းများ ဆောင်ရွက်သွားကြရန်လိုကြောင်း။

လူတိုင်းသည် အောင်မြင်တိုးတက်လိုသည့်ဘဝကို ပိုင်ဆိုင်လိုကြပြီး မိမိတို့၏ ဘဝမျှော်မှန်းချက်များ မပျောက်ပျက်စေရေးအတွက် စဉ်ဆက်မပြတ်သည့် ကြိုးစားအားထုတ်မှု၊ စောင့်ထိန်းမှုတို့နှင့် စနစ်တကျနေထိုင်လုပ်ကိုင်ဆောင်ရွက်တတ်မှု တို့ဖြင့် တည်ဆောက် သွားကြရန်လိုကြောင်း၊ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် လက်အောက်ငယ်သားကောင်းပီသရန် လိုအပ်သကဲ့သို့ မှန်ကန်သည့် ခေါင်းဆောင်မှုကိုပေးနိုင်သည့် ခေါင်းဆောင်ကောင်းဖြစ်ရန်လည်းလိုကြောင်း။

ထို့ပြင် မိမိတို့အား ငယ်စဉ်ကလေးဘဝမှစ၍ ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သည့် မိဘများ၏ ကျေးဇူးကိုသိတတ်ရန်၊ ကျေးဇူးဆပ်ရန်လိုအပ်သကဲ့သို့ စည်းကမ်းစနစ်တကျ နေထိုင်လုပ်ကိုင်ဆောင်ရွက်တတ်သည့် အခြေခံကောင်းများ၊ အသိပညာ၊ အတတ်ပညာများရရှိအောင် သင်ကြားလေ့ကျင့်ပေးခဲ့သည့် တပ်မတော်အပေါ်တွင်လည်း ကျေးဇူးသစ္စာစောင့်သိရမည် ဖြစ်ကြောင်း၊ မိမိတို့၏ ရည်မှန်းချက်များ အောင်မြင်ရေး၊ မိသားစုများ၏ ရည်မှန်းချက်များ မပျောက်ပျက်စေရေးအတွက် ဘဝတစ်လျှောက်လုံး ဆက်လက်ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်း နေထိုင်ပြီး မိသားစု၊ တပ်မတော်နှင့် နိုင်ငံတော်အတွက် အားကိုးအားထားရသည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် စဉ်ဆက်မပြတ်ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေး - လားရှိုးလမ်းမကြီးမှ ဓီးပင်ကြီးကျေးရွာနှင့် ဗဟိုမီးသတ်သင်တန်းကျောင်းသို့ ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်မည့် လျာထားလမ်းအူကြောင်းနေရာကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှု လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံတောဈေး) အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

**မန္တလေး-လားရှိုးလမ်းမကြီးမှ ဓီးပင်ကြီးကျေးရွာနှင့် ဗဟိုမီးသတ်သင်တန်းကျောင်းသို့ ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်မည့် လျာထားလမ်းအူကြောင်းနေရာ**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မန္တလေး-လားရှိုးလမ်းမကြီးမှ ဓီးပင်ကြီးကျေးရွာနှင့် ဗဟိုမီးသတ်သင်တန်းကျောင်းသို့ ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်မည့် လျာထားလမ်းအူကြောင်းနေရာတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လမ်းသစ်ဖောက်လုပ်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ရေရှည်တည်တံ့ခိုင်မြဲပြီး အဆင့်မီသည့်လမ်းဖြစ်ပေါ်လာစေရေး၊ ဒေသခံများ အဆင့်မီမီ အသုံးပြု သွားလာနိုင်ရေး စနစ်တကျတွက်ချက် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**သုတေသနဌာနခွဲ (ပြင်ဦးလွင်)**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန(ပြင်ဦးလွင်ခရိုင်ရုံးခွဲ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စားသောက်ကုန် ဓာတ်ခွဲခန်း ရှင်းလင်းဆောင်၌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက စားသောက်ကုန်ဓာတ်ခွဲခန်းများ ဆောင်ရွက်ရခြင်းရည်ရွယ်ချက်၊ ပြည်တွင်းရှိ စားသောက်ကုန်ဆိုင်ရာ ဓာတ်ခွဲခန်းများ၊ စက်မှုဝန်ကြီးဌာနရှိ ဓာတ်ခွဲခန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ MSME လုပ်ငန်းများနှင့် ထုတ်လုပ်မှုလုပ်ငန်း အမျိုးအစားများ၊ မြန်မာ့ SME များ ရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်လိုအပ်မှု၊ ဓာတ်ခွဲစမ်းသပ်ဝန်ဆောင်မှုပေးနိုင်သည့် အခြေအနေနှင့် MSME လုပ်ငန်းများအတွက် ပို့ချမည့် သင်တန်းများ၊ သုတေသနဌာနခွဲ (ပြင်ဦးလွင်) ဖြစ်ပေါ်လာပုံနှင့် ဓာတ်ခွဲစမ်းသပ်ဝန်ဆောင်မှုပေးနိုင်မှု၊ ဓာတ်ခွဲခန်းဆိုင်ရာ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ် (ISO 17025:2017) ရရှိနိုင်ရေး ဆောင်ရွက်နေမှုနှင့် အဏုဇီဝဓာတ်ခွဲခန်း လိုအပ်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြင်ဦးလွင်ဒေသသည် MSME လုပ်ငန်းများ များစွာရှိသည်ဖြစ်သဖြင့် စားသောက်ကုန်ဓာတ်ခွဲခန်း ဆောင်ရွက်ပေးခြင်းသည် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် သုတေသနဌာနခွဲ(ပြင်ဦးလွင်)အတွင်း MSME လုပ်ငန်းများမှ လက်ခံရရှိသော နမူနာပစ္စည်းများကို ဓာတ်ခွဲစမ်းသပ်ခြင်းဆောင်ရွက်ထားရှိမှုနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**သုမင်္ဂလာဈေး (ညံတောဈေး) အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေး စီမံကိန်း**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံတောဈေး) အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း အဆင့်ဆင့်အလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ အထပ်အလိုက်ဆိုင်ခန်းများ ဖွင့်လှစ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ မြန်မာပြည်တွင် အကြီးဆုံး Curved LED Display နှင့် အဆောက်အအုံမျက်နှာစာများ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ အလှမီးဆိုင်းများ ထည့်သွင်းထားရှိမှု၊ ယာဉ်ရပ်နားသည့်နေရာများ ဆောင်ရွက်ထားရှိမှု၊ Solar System ဖြင့် စီမံကိန်းတစ်ခုလုံး၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို Air Condition System မှလွဲ၍ ကျန်လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ခြောက်နာရီကြာ ပံ့ပိုးပေးနိုင်အောင် ထည့်သွင်းဆောင်ရွက်ထားရှိမှု၊ ရေဝင်ရေထွက်ကောင်းမွန်စေရေးနှင့် ရေဆိုးစွန့်ထုတ်မှုတို့အတွက် တွက်ချက်ဆောင်ရွက်ထားရှိမှုနှင့် စီမံကိန်းကို သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရေးနှင့်ဆောက်လုပ်မှု စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိစေရေး ကြပ်မတ် ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ယခုသုမင်္ဂလာဈေး(ညံတောဈေး) အဆင့်မြင့် ဈေးသစ်စီမံကိန်းကို ပြင်ဦးလွင်မြို့၏ လူနေမှုထူထပ်လာမှုများ၊ ခရီးသွားလာမှု များပြားလာမှုများနှင့် ကိုက်ညီသည့် အဆင့်မီဈေးတစ်ခုဖြစ်ပေါ်လာစေရန်နှင့် ဒေသထွက်နှင့် အခြေခံသုံးကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစုတစည်းတည်းရရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်စေခဲ့ခြင်း ဖြစ်ကြောင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် ကိုက်ညီသည့် အဆင့်မြင့်ဈေးဖြစ်သဖြင့် ဈေးရောင်းချမှုများသည်လည်း စနစ်တကျဖြစ်ရန်နှင့် အဆင့်မီရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် သုမင်္ဂလာဈေး (ညံတောဈေး) အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေး စီမံကိန်းအတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါသုမင်္ဂလာဈေး(ညံတောဈေး) အဆင့်မြင့် ဈေးသစ်အဆောက်အအုံမျက်နှာစာတွင် အလျား ၁၆၅ ပေ၊ အနံ ၆၁ ပေ နှင့် ၁၄၅ ဒီဂရီရှိ မြန်မာပြည်တွင် အကြီးဆုံး Curved LED Display ကို တပ်ဆင်ထားရှိပြီး မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်ကိုက်ညီသည့် အဆင့်မြင့် ဈေးသစ်အဆောက်အအုံကြီး ရုပ်လုံးကြွ အကောင်အထည်ပေါ်လာမှုကို ဒေသခံပြည်သူများ အနေဖြင့် ဂုဏ်ယူစွာ လာရောက်ကြည့်ရှုခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းများဆောင်ရွက်လျက်ရှိကြကြောင်း သိရသည်။**သတင်းစဉ်**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ရတနာပုံမြို့သစ်စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာပုံမြို့သစ်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

## ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ရတနာပုံဆိုက်ဘာစီးတီးအား ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်မည်

နေပြည်တော် ဒီဇင်ဘာ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာအနီးရှိ ရတနာပုံမြို့သစ်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရတနာပုံမြို့သစ်စီမံကိန်းရှိ ရတနာပုံတယ်လီပို့အဆောက်အအုံသို့ ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရတနာပုံမြို့သစ်စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းအတွင်းဆောင်ရွက်ထားရှိမှု၊ လူနေအိမ်ရာများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ ရတနာပုံတယ်လီပို့ဆိုင်ရာ အဆောက်အအုံများအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းနယ်မြေအတွင်း လမ်းဖောက်လုပ်ခြင်း၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးနှင့် အခြေခံအဆောက်အအုံများဆောင်ရွက်ထားရှိမှု၊ စီမံကိန်းဆောင်ရွက်ရန် Expression Of Interest – EOI ဖိတ်ခေါ်ဆောင်ရွက်ထားရှိမှု၊ နည်းပညာစက်မှုဇုန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လုပ်ငန်းများလည်ပတ်လျက်ရှိမှုနှင့် စီမံကိန်းဆက်လက်ဆောင်ရွက်နိုင်မည့်အခြေအနေများကိုလည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ရတနာပုံမြို့သစ် စီမံကိန်းဆိုင်ရာအချက်အလက်များ၊ စီမံကိန်းအဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းပိုင် အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများဆိုင်ရာ အချက်အလက်များ၊ ရတနာပုံတယ်လီပို့ကုမ္ပဏီ လီမိတက်ပိုင် အဆောက်အအုံများဆိုင်ရာ အချက်အလက်များ၊ Soft Base Factories Area ရှိ စက်ရုံများဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ယခုရတနာပုံဆိုက်ဘာစီးတီးအား နိုင်ငံတော်၏ ဆက်သွယ်ရေးနည်းပညာများ တိုးတက်ရေးအတွက် Silicon Village အဖြစ် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် ဒီမိုကရေစီဒုတိယအစိုးရ (၂၀၁၅ - ၂၀၂၀ ခုနှစ်) လက်ထက်တွင် New Mandalay Resort City စီမံကိန်းအဖြစ် ပြောင်းလဲလုပ်ဆောင်ခဲ့ခြင်းကြောင့် ရတနာပုံဆိုက်ဘာစီးတီး၏လုပ်ငန်းများ ရပ်တန့်သွားခဲ့ရကြောင်း၊ ယနေ့ခေတ်သည် IT ခေတ်ဖြစ်သဖြင့် မိမိတို့နိုင်ငံတွင် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေအားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခင်ဆိုက်ဘာစီးတီး မူလရည်မှန်းချက်များအပြင် ဉာဏ်ရည်တု (AI) နည်းပညာတိုးတက်ရေးအတွက်လည်း ရည်မှန်းဆောင်ရွက်သွားရန် လိုကြောင်း၊ ယခုစီမံကိန်းအား နိုင်ငံတော်၏ IT နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် အီလက်ထရောနစ်ဆိုင်ရာပစ္စည်းများအား အဓိကထုတ်လုပ်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး) အနီးတွင်တည်ရှိသကဲ့သို့ မန္တလေးမြို့၊ မိတ္ထီလာမြို့၊ ကျောက်ဆည်မြို့တို့ရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့်ချိတ်ဆက်၍လည်း ဆောင်ရွက်နိုင်ပြီးလိုအပ်သည့် လူသားအရင်းအမြစ်များကို ရရှိနိုင်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်းလုပ်ငန်းပြန်လည်စတင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း လာရောက်ရင်းနှီးမြှုပ်နှံလိုသည့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းအမှန်တကယ်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်သည့်မြေနေရာများကို ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စီမံကိန်းနယ်မြေအတွင်း လုပ်ကိုင်ခွင့်ချထားပေးသည့်မြေနေရာများ၌ လုပ်ငန်းဆောင်ရွက်ခြင်းမရှိသည့် မြေနေရာများ၊ နေထိုင်ရန် ချထားပေးသည့် မြေနေရာများ၌ လူနေထိုင်မှုများ မရှိသည့်မြေနေရာများအား စည်းကမ်းနှင့်အညီ ဖြစ်စေရေး စိစစ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရတနာပုံဆိုက်ဘာစီးတီးအား အစိုးရက ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သကဲ့သို့ ရတနာပုံမြို့သစ်အိမ်ရာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း တိုင်းဒေသကြီး အစိုးရအဖွဲ့က စနစ်တကျဆောင်ရွက်သွားရန် လိုကြောင်း၊ ရတနာပုံမြို့သစ်စီမံကိန်းဧရိယာအတွင်း လူအပြည့်နေထိုင်မည်၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စီမံဆောင်ရွက်ထားရှိရန်နှင့် လျှပ်စစ်မီးလိုအပ်ချက်အား ကြိုတင်တွက်ချက်၍ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှ ဖြည့်တင်းဆောင်ရွက်သွားနိုင်ကြောင်း၊ စီမံကိန်းမြေနေရာများ၌ အဆောက်အအုံများ ထပ်မံဆောက်လုပ်ရာတွင်လည်း ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများဖြစ်အောင် စနစ်တကျဆောက်လုပ်သွားရန်လိုကြောင်း၊ ရတနာပုံမြို့သစ်စီမံကိန်း ဖွံ့ဖြိုးတိုးတက်လာရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရတနာပုံမြို့သစ်စီမံကိန်း အတွင်း မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာန နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး) သို့ရောက်ရှိကြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က တက္ကသိုလ် စာသင်ဆောင်များ၊ ဘက်စုံသုံးခန်းမ၊ အလုပ်ရုံများ၊ အားကစားရုံများတည်ဆောက်ထားရှိမှု၊ သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ကျောင်းသား၊ ကျောင်းသူများအား သင်ကြားပေးလျက်ရှိမှုနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် အိပ်ဆောင်နှင့် ဆရာ၊ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာလိုအပ်မှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ကျောင်းသား၊ ကျောင်းသူများ အတွက် လိုအပ်သည့်အိပ်ဆောင်နှင့် ဆရာ၊ ဆရာမ များအတွက်လိုအပ်သည့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်အတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေးအတွက်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး တက္ကသိုလ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ မိမိတို့အနေဖြင့် ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်းလုပ်ငန်းပြန်လည်စတင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းလာရောက်ရင်းနှီးမြှုပ်နှံလိုသည့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းအမှန်တကယ်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်သည့်မြေနေရာများကို ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စီမံကိန်းနယ်မြေအတွင်းလုပ်ကိုင်ခွင့်ချထားပေးသည့်မြေနေရာများ၌ လုပ်ငန်းဆောင်ရွက်ခြင်းမရှိသည့် မြေနေရာများ၊ နေထိုင်ရန်ချထားပေးသည့် မြေနေရာများ၌ လူနေထိုင်မှုများ မရှိသည့်မြေနေရာများအား စည်းကမ်းနှင့်အညီ ဖြစ်စေရေး စိစစ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရတနာပုံဆိုက်ဘာစီးတီးအား အစိုးရက ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သကဲ့သို့ ရတနာပုံမြို့သစ်အိမ်ရာဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့က စနစ်တကျဆောင်ရွက်သွားရန်လို

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၂၂ ရက်

သာ လိုတော့သည်။

## ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏မွေးနေ့၊ ထိုင်းနိုင်ငံ၏ အမျိုးသားနေ့နှင့် Thailand's Father's Day အထိမ်းအမှတ် ညစာစားပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၅

ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့၊ ထိုင်းနိုင်ငံ၏အမျိုးသားနေ့နှင့် Thailand's Father's Day အထိမ်းအမှတ်ညစာခံပွဲကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနေအိမ်၌ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Mongkol Visitstump နှင့်ဇနီး၊ တာဝန်ရှိသူများသည်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ညစာခံပွဲအခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ထိုင်းနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးနှင့်ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ထိုင်းနိုင်ငံ ယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ သံအမတ်ကြီးနှင့်ဇနီးတို့က တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်း




ညစာခံပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ထိုင်းနိုင်ငံယဉ်ကျေးမှုအဖွဲ့မှ အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

အဆိုပါ ညစာခံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့်ဇနီး၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝါဝါမောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၇) သင်တန်းဆင်းဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၅

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၇) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နည်းပညာ တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

### အမှာစကား ပြောကြား

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်



လွှာများ ပေးအပ်သည်။ ထို့နောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် စစ်ဆေးခြင်းများ ဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်ပါသဖြင့် မီးလောင်မီးလန့်မှုများ မဖြစ်ပွားမပေါ်ပေါက်စေရေးအတွက် ယနေ့ နံနက်ပိုင်းက စတင်၍ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း၌ မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်းနှင့် မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်ခဲ့သည်။

အဆိုပါစစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ သန္ဓေ ၁၀ဦး၊ အရန် ၂၅ ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ ပူးပေါင်းကာ တောင်မြင့်ရပ်ကွက်အတွင်းရှိ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း၌ စာသင်ကျောင်း အခြေပြုမီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်း၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးနှင့် မဲရုံများအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မဲရုံများ ပတ်ဝန်းကျင်ရှိ နေအိမ်များအား တစ်အိမ်တက်ဆင်း စစ်ဆေး၍ ရွေးကောက်ပွဲကာလအတွင်း မီးကို သတိပြု၍ သုံးစွဲကြရန်၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ မီးသတ်ဆေးဘူးများ ပြည့်စုံစွာ ထားရှိရန် မှာကြားပြီး မီးသတိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**ဇင်မင်းမောင်(ခရိုင်/မြန်ဆက်)**



## ချမ်းအေးသာစံမြို့နယ်ရှိ ရတနာပုံဈေးနှင့် ဒိုင်းမွန်းပလာဇာ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**မန္တလေး ဒီဇင်ဘာ ၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ချမ်းအေးသာစံမြို့နယ်၊ ၇၈လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြားရှိ ရတနာပုံဈေးနှင့် ဒိုင်းမွန်းပလာဇာတို့အား မီးဘေးလုံခြုံရေးအတွက် ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ညွှန်ကြားရေးမှူး ဦးသက်နိုင်၊ ဈေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဈေးတာဝန်ခံတို့နှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။



မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့်အဖွဲ့သည် ရတနာပုံဈေးနှင့် ဒိုင်းမွန်းပလာဇာတွင် တပ်ဆင်ထားသော လျှပ်စစ်ဝိုင်ယာကြိုးများ ကောင်းမွန်မှု ရှိ၊ မရှိ၊ မီးလောင်လွယ်သော လောင်စာအမှိုက်များ စုပုံထားရှိမှု ရှိ၊ မရှိ၊ ဈေးပိတ်ချိန် လျှပ်စစ်မီးများ ပိတ်ထားရေး၊ ဈေးပတ်ဝန်းကျင်တွင် ရေများ အလွယ်တကူရရှိမှုနှင့် မီးသတ်ရေငုတ်များ ကောင်းမွန်ခြင်း ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး မီးဘေးအန္တရာယ်ကာကွယ်ရေး လက်ကမ်းစာစောင်များ ပေးဝေခဲ့ကြကြောင်း သိရသည်။

(ဓါတ်ပုံ)

(ဝင်း၅)



## မီးဘေးလုံခြုံရေး အသိပညာပေး စစ်ဆေးဆောင်ရွက်

**သရက် ဒီဇင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် လက်တွေ့ မီးငြိမ်းသတ်ခြင်းကို ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီက မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့်တပ်ဖွဲ့ဝင်များက ဟောပြောစစ်ဆေး ဆောင်ရွက်ခဲ့သည်။

သရက်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်၍ ပြည်သူများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သတိပေးနှိုးဆော်ခြင်း၊ ရပ်ကွက်များအလိုက် တစ်အိမ်တက်ဆင်း စစ်ဆေးခြင်း၊ စာသင်ကျောင်းများနှင့် ဘာသာရေး အဆောက်အအုံများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (အပေါ်ပုံ)

**ဇော်ထက်(သရက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်နှင့် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူထားသည်။ (အောက်ပုံ)

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၃ ရက် မွန်းတည့် ၁၂ နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဝေါမြို့နယ်၊ သပြေကန်ကျေးရွာအနီး ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် ၆ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံအကြားရှိ စစ်တောင်းတံတားသစ်(မုပ္ပလင်)ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ကျိုက်ထိုမှ ဝေါဘက်သို့ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ မိုးကောင်းကျေးရွာနေ အေးမင်းထွန်း(၄၁)နှစ်ဆိုသူ မောင်းနှင်လာသည့် DAIHATSU HIJET မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အေးမင်းထွန်းဆိုသူအား ညောင်ခါးရှည်နယ်မြေရဲစခန်းတွင် ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်လည်းကောင်း၊ အလားတူ မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ ညောင်ရွှေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ပေါင်းပိန်းစစ်ဆေးရေးဂိတ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ခေါင်တိုင်ကျေးရွာမှ ညောင်ရွှေမြို့ဘက်သို့ ဖယ်ခုံမြို့နယ်၊ ညောင်ကုန်းရပ်ကွက်နေ ခွန်းတီမောသေခနေ(၃၆)နှစ်ဆိုသူ မောင်းနှင်လာသည့် HONDA FIT မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ခွန်းတီမောသေခနေဆိုသူအား ညောင်ရွှေမြို့မရဲစခန်းတွင် ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ဘားအံ ဒီဇင်ဘာ ၅**

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ (အပေါ်ပုံ)

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၃ ရက် နံနက် ၅ နာရီ ၁၀ မိနစ်တွင် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ လှာကမြင်ပန်းခြံအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ စက်မှုဇုန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၈) ရပ်ကွက်နေ ဦးအေးကိုကို(၃၈) နှစ်ဆိုသူသည် NISSAN AD VAN မော်တော်ယာဉ်အား မဲဘောင်မှ နောင်ပလိန်ဘက်သို့ မောင်းနှင်လာပြီး အခင်းဖြစ်နေရာအရောက်၌ မော်တော်ယာဉ်အား နောက်ပြန်ကွေ့စဉ် လားရာတူအတိုင်း အနောက်မှ လှာကမြင်ကျေးရွာနေ ကိုဇော်နိုင်ဦး(၂၆) နှစ်ဆိုသူ မောင်းနှင်လာသည့် ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ကိုဇော်နိုင်ဦးဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် အေးကိုကိုဆိုသူအား စက်မှုဇုန်နယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ဓားဦးချွန် ကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၌ ဓားဦးချွန် ကိုင်ဆောင်သူ အမျိုးသား တစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၃ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် ဦးကျေးရပ်ကွက်အရောက်၌ အဆိုပါရပ်ကွက်နေ ဖြိုးကိုကို(၁၉)နှစ်ဆိုသူအား အရှိုး၊ အသွား ၁၅ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဖြိုးကိုကိုဆိုသူအား ရွာကောက်နယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



### အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် မိုင် ၃၀ (၄၈) ကီလိုမီတာထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် မိုင် ၅၀ (၈၀) ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

# အလင်းမှသည် လျှပ်စစ်စွမ်းအင်ဆီသို့(၁)

မောင်မောင်စွယ်စုံထွန်း



နေစွမ်းအင်(သို့မဟုတ်) ဆိုလာစွမ်းအင်မှသာမက အလင်းမျိုးစုံမှ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရန် ပညာရှင်အများအပြားက ယခုအခါ အပြိုင်အဆိုင် ကြိုးစားဆောင်ရွက်လျက်ရှိနေကြပါသည်။ ဆိုလာဟုခေါ်သော နေစွမ်းအင်သည် အချိန်အကန့်အသတ်ဖြင့်သာ ရရှိနိုင်သဖြင့် အဆိုပါအခက်အခဲကို ကျော်လွှားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းလည်းဖြစ်ပါသည်။မကြာသေးမီက အမေရိကန်နိုင်ငံ စတန်းဖို့ဒ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ပြန်လည်ပြည့်မြဲစွမ်းအင်နယ်ပယ်တွင် ကမ္ဘာ့ပထမဆုံးအနေဖြင့် လရောင်မှ လျှပ်စစ်ထုတ်ပေးနိုင်သော ကိရိယာတစ်မျိုးကို အောင်မြင်စွာ တီထွင်နိုင်ခဲ့ကြသည်။ နေ့ဘက်တွင်သာ အလုပ်လုပ်သည့် သမားရိုးကျနေရောင်ခြည်စွမ်းအင်သုံးပြားများနှင့်မတူဘဲ ဤစနစ်သစ်သည် ညဘက်တွင် အလုပ်လုပ်နိုင်ပြီး စွမ်းအင်နည်းပညာတွင် ကြာရှည်စွာလစ်ဟာနေသည့် ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးလိုက်ခြင်းလည်းဖြစ်သည်။

ဤကိရိယာသည် မှိန်ဖျော့သော လရောင်ကို ဖမ်းယူပြီးချဲ့ထွင်ရန် ဒီဇိုင်းထုတ်ထားသည့် အဆင့်မြင့် ဖိုတွန်နစ်ပစ္စည်းများ (photonic materials)ကို အသုံးပြုထားသည်။ လရောင်သည် နေရောင်ခြည်ထက်များစွာ ပိုမိုမှိန်ဖျော့သော်လည်း အသုံးပြုနိုင်သည့် စွမ်းအင်ကို သယ်ဆောင်လာနိုင်ပါတော့မည်။ စမ်းသပ်မှုများအရ ဤစနစ်သည် ပုံမှန်နေရောင်ခြည်စွမ်းအင်သုံးပြားများထက် စွမ်းဆောင်ရည် ၃၅ ရာခိုင်နှုန်း ပိုမိုမြင့်မားစွာ စွမ်းအင်အဖြစ် ပြောင်းလဲပေးနိုင်ကြောင်းလည်း ဆိုထားပါသည်။

ယခုတီထွင်နိုင်မှုသည် နေရောင်ခြည်ရရှိမှုမမှန်သော ဒေသများ၌ ညအချိန်တွင် စိတ်ချရသော လျှပ်စစ်မီးကို ရရှိနိုင်လာပါမည်။ ၎င်းကို နေရောင်ခြည်စွမ်းအင်သုံးပြားများနှင့် တွဲဖက်အသုံးပြုခြင်းဖြင့် ၂၄ နာရီပတ်လုံး လည်ပတ်နိုင်သော ပြန်လည်ပြည့်မြဲစွမ်းအင်ကွန်ရက်များကိုလည်း ဖန်တီးလာနိုင်ပါမည်။အာကာသစူးစမ်းလေ့လာရေးအတွက် အကျိုးရှိနိုင်ပြီး လပေါ်ရှိ စခန်းများသည် လရောင်မှ လျှပ်စစ်ကို တိုက်ရိုက် ထုတ်ယူနိုင်ကြမည် ဖြစ်သည်။

တက္ကသိုလ်များစွာမှ သုတေသီများကလည်း ယခုကဲ့သို့သော စမ်းသပ်စီမံကိန်းများကို လုပ်ဆောင်နေကြရာ စဉ်ဆက်မပြတ် ရေရှည်တည်တံ့သော စွမ်းအင်တစ်မျိုးအနေဖြင့် ကြီးမားသော အလှည့်အပြောင်းတစ်ခု ဖြစ်လာနိုင်ပါကြောင်း ကနဦးအချက်အလက်များက ဖော်ပြလျက်ရှိသည်။

အလားတူ အခြားအလင်းကို အသုံးချရန် ကြိုးပမ်းမှုတစ်ခုမှာ ကျွန်းပေါင်း ၁၇၀၀၀ ကျော်ရှိသော ကမ္ဘာ့အကြီးဆုံးကျွန်းစုဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံက ရေရှည်တည်တံ့ခိုင်မြဲသော စွမ်းအင်အနာဂတ်ဆီသို့ ရေပေါ်ဆိုလာခင်းများတည်ဆောက်၍သိသိသာသာ ခြေလှမ်းစလှမ်းနေခဲ့ပါပြီ။ အဆိုပါအကူးအပြောင်း၏ ရှေ့ဆုံးနေရာတွင် ဂျာကာတာမှ ကီလိုမီတာ ၁၀၀ခန့်အကွာ အနောက်ဂျာဗားရှိ ကိုင်ရာတာ ရေလှောင်ကန်အတွင်း၌ အရှေ့တောင်အာရှ၏ အကြီးဆုံးသော ရေပေါ် photovoltaic (PV) ဆိုလာခင်းကြီး တစ်ခု တည်ရှိနေပါသည်။ အိမ်ခြေ ၅၀,၀၀၀ကို လျှပ်စစ်ဓာတ်အားပေးရန် လုံလောက်သည့် သန့်စင်လျှပ်စစ်ဓာတ်အား ၁၉၂ မဂ္ဂါဝပ် ထုတ်ပေးသည့် အဆိုပါပရောဂျက်သည် ၂၀၆၀ ပြည့်နှစ်တွင် အင်ဒိုနီးရှားနိုင်ငံအား ကာဗွန်ထုတ်လွှတ်မှု သုညဖြစ်စေမည့် ပန်းတိုင်၏အစ ဖြစ်ပါသည်။

ဟက်တာ ၂၅၀ ကျယ်ဝန်းသည့် ကိုင်ရာတာ ရေပေါ်ဆိုလာခင်းသည် အင်ဒိုနီးရှားအစိုးရနှင့် အာဘူဒါဘီ အခြေစိုက်ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကုမ္ပဏီဖြစ်သည့် မာစဒါတို့ကြားမှ ပူးပေါင်းဆောင်ရွက်မှုတစ်ခု ဖြစ်ပါသည်။ခန့်မှန်းခြေအမေရိကန်ဒေါ်လာ သန်း ၁၀၀ ကုန်ကျမည့် အဆိုပါစီမံကိန်းတွင် ရေလှောင်ကန်၏ မျက်နှာပြင်ပေါ်တွင် ပေါ်လောပေါ်နေသည့် ဆိုလာပြား ၃သိန်းခွဲခန့် ပါဝင်ပြီး အင်ဒိုနီးရှား၏ ပေါများသော နေရောင်ခြည်စွမ်းအင်ကို အသုံးချကာ တစ်နေ့လျှင် ပျမ်းမျှ ၁ စတုရန်းမီတာမှာ ၄ ဒသမ ၈ ကီလိုဝပ်နာရီ ထုတ်ပေးနိုင်မှာဖြစ်ပါသည်။ အဆိုပါပမာဏကို ဂျာမနီလိုနိုင်ငံမျိုး၌ပင် ထုတ်လုပ်နိုင်ခြင်းမရှိသေးပါ။ ရေပေါ်ဆိုလာခင်းများဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်းသည် လူနေအိမ်ခြေအတွက် မြေနေရာအသုံးချနိုင်မှုကို မထိခိုက်နိုင်သည်မှာ သေချာလှပါသည်။

အဆိုပါစီမံကိန်း၏ ဗျူဟာမြောက်အရေးပါမှုသည် အင်ဒိုနီးရှား၏ ပိုမိုကျယ်ပြန့်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ရည်မှန်းချက်များနှင့်လည်း လိုက်လျောညီထွေရှိပါသည်။၂၀၄၀ ပြည့်နှစ်တွင် သန့်စင်ဓာတ်အား ၁၀၀ ဂစ်ဂါဝပ်(GW) ထုတ်လုပ်ရန် ရည်မှန်းထားပြီး နေရောင်ခြည်၊ လေနှင့် ဘူမိအပူစွမ်းအင်အတွက် ခန့်မှန်းခြေ ဒေါ်လာ ၂၃၅ ဘီလီယံ ခန့်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် လိုအပ်နေပါသေးသည်။ ကိုင်ရာတာဆိုလာခင်းများက စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေး နေစဉ်တွင် ရေပေါ်နေရောင်ခြည်စွမ်းအင်သုံးစက်ရုံများ (သို့မဟုတ်)"floatovoltaics"များသည် မြေယာရှားပါးမှုပြဿနာကို ဖြေရှင်းပေးနိုင်သည်ကို သရုပ်ပြနေသကဲ့သို့ ဖြစ်နေပါသည်။

ကိုင်ရာတာ ရေပေါ်ဆိုလာခင်းသည် နှစ်စဉ်ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု တန်ချိန် ၂၁၄,၀၀၀ ခန့်ကို တားဆီးနိုင်မည်ဖြစ်ပြီး အင်ဒိုနီးရှား၏ ကာဗွန် အသားတင်ထုတ်လွှတ်မှုကို သိသိသာသာ အထောက်အကူဖြစ်လာစေမည်ဖြစ်ပါသည်။ ရေလှောင်ကန်၏မျက်နှာပြင်ကို အသုံးပြုခြင်းဖြင့်၊ စီမံကိန်းသည် မြေအခြေခံဆိုလာခြံများနှင့် နှိုင်းယှဉ်ပါက သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကိုလည်း လျှော့နည်းစေပြီး ဂေဟစနစ်ကို ထိန်းသိမ်းကာ သစ်တောပြုန်းတီးမှုကို ရှောင်ရှားပေးနိုင်ပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီထုတ်လုပ်မှုကြောင့် သိသာထင်ရှားသော သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုများ ရှိနေပါသည်။

အစိမ်းရောင်အလုပ်အကိုင်များကို ဖန်တီးပေးရန်မှာ စွမ်းအင်ဖူလုံရေးသည် အရေးပါလှသဖြင့် အင်ဒိုနီးရှားသည် အဆိုပါပရောဂျက်ကို တွန်းအားပေးလုပ်ဆောင်နေခြင်းလည်း ဖြစ်ပါသည်။ ၂၀၂၅ ခုနှစ် ဇွန် ၂၆ ရက်က အင်ဒိုနီးရှားနိုင်ငံ ပြည်နယ် ၁၅ ခုတွင် သန့်စင်စွမ်းအင်စီမံကိန်းများကို စလုပ်နိုင်ရန် သမ္မတ ပရာဘိုဝိဆူဘာရန်တိုက မီးစိမ်းပြ၍ လက်မှတ်ရေးထိုး သဘောတူခွင့်ပြုလိုက်ပြီ ဖြစ်ပါသည်။ ကိုင်ရာတာတွင် နေရောင်ခြည်နှင့် ဘူမိအပူတို့ဖြင့် ၃၇၉ ဒသမ ၇ မဂ္ဂါဝပ်ရှိသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆ ဘီလီယံ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားပါသည်။ အဆိုပါအချက်သည် အင်ဒိုနီးရှား၏ ရေရှည်တည်တံ့သော တိုးတက်မှုအတွက် ပြယုဂ်ကောင်းတစ်ခုဖြစ်ပါသည်။ ကိုင်ရာတာလို ရေပေါ်နေရောင်ခြည် စွမ်းအင်သုံးအခင်းအကျင်းများသည် ထူးခြားသောအကျိုးကျေးဇူးများကို ပေးစွမ်းနိုင်ပါသည်။ ရေပေါ်မှာရှိသည့် အထိုင်ပြားများသည် သဘာဝ အအေးခံခြင်းအကျိုးကျေးဇူးများကို ရရှိပြီး ၎င်းတို့၏ သက်တမ်းကိုလည်း တိုးမြှင့်စေကာ ထိရောက်မှုကိုလည်း မြှင့်တင်ပေးပါသည်။ ရေလှောင်ကန်ပေါင်း ၅၀၀ ကျော်ရှိသည့် အင်ဒိုနီးရှား၏ ပထဝီဝင်အနေအထားအရ ရေပေါ်နေရောင်ခြည်စွမ်းအင်သုံးပရောဂျက်များကို ချဲ့ထွင်ခြင်းသည် ပိုမိုအကျိုးရှိလာစေပါမည်။ လက်ရှိတွင် နောက်ထပ် ရေပေါ် PV ပရောဂျက် ၆၀ကျော်ကိုလည်း ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိရာ စိုက်ပျိုးနိုင်သောမြေကို မဆုံးရှုံးစေဘဲ သန့်စင်သော စွမ်းအင်အခြေခံအဆောက်အအုံများ တိုးချဲ့နိုင်လာခြင်းလည်းဖြစ်ပါသည်။ ကိုင်ရာတာပရောဂျက်၌ လျှပ်စစ်ဓာတ်အားလိုင်းကို ခေတ်မီစေရန်အတွက် "smart grid"အဖြစ် အဆင့်မြှင့်တင်လျက်ရှိပါသည်။ အဆိုပါ ခေတ်မီမှုသည် ရေပေါ်ဆိုလာပရောဂျက်များမှနေ၍ သန့်စင် စွမ်းအင်ကို စားသုံးသူများထံ ထိထိရောက်ရောက် ဖြန့်ဝေပေးနိုင်ကြောင်း သေချာစေပါသည်။

ကမ္ဘာကြီးက ပိုမိုသန့်ရှင်းပြီး ရေရှည်တည်တံ့သော စွမ်းအင်အရင်းအမြစ်များကို ရှာဖွေနေချိန်တွင် ဂျပန်နိုင်ငံသည်လည်း အလင်းစွမ်းအင်ကို ရယူရန် အဖြေအတွက် ကောင်းကင်ယံအာကာသကို မျှော်ကြည့်လျက်ရှိနေပါသည်။ ဂျပန်နိုင်ငံသည် ရာသီဥတု (သို့မဟုတ်) ညဘက်၏အနှောင့်အယှက်များ ကင်းရှင်းစွာဖြင့် နေရောင်ခြည်မှအလင်းကို အဆက်မပြတ် ဖမ်းယူနိုင်ရန်အတွက် ဆိုလာပြားများစွာပါသည့် စနစ်တစ်ခုကို အာကာသထဲသို့ လွှတ်တင်ရန် စီစဉ်လျက်ရှိနေပါသည်။ ဤစွမ်းအင်ကို မိုက်ခရိုဝေ့ဖ်အဖြစ် ပြောင်းလဲပြီး ကမ္ဘာပေါ်ရှိ အထူးပြုလုပ်ထားသော လက်ခံရေးစခန်းများသို့ လှိုင်းများဖြင့် ပို့လွှတ်ကာ တည်ငြိမ်သော လျှပ်စစ်ဓာတ်အားထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ထားသည်ဟု သိရှိရပါသည်။

အာကာသအခြေပြု ဆိုလာစွမ်းအင် (Space-Based Solar Power - SBSP)ဟု လူသိများသည့် ဤဆန်းသစ်သော ချဉ်းကပ်မှုသည် ရိုးရာဆိုလာခြံများထက် အားသာချက်များစွာ ပေးစွမ်းနိုင်ပါသည်။ ကမ္ဘာ့ပတ်လမ်းကြောင်းတွင် ဆိုလာပြားများသည် မိုးတိမ်၊ ရာသီဥတု (သို့မဟုတ်) ညဘက် ကန့်သတ်ချက် များမရှိဘဲ တစ်ရက်လျှင် ၂၄ နာရီ နေရောင်ခြည်ကို စုဆောင်းနိုင်သဖြင့် စွမ်းအင်ကို ပိုမိုထုတ်လုပ်နိုင်ပါသည်။ မိုက်ခရိုဝေ့ဖ်မှတစ်ဆင့် ပို့လွှတ်သော လျှပ်စစ်ဓာတ်အားကို မြေပြင်ပေါ်တွင် ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်အဖြစ် ပြောင်းလဲနိုင်ပြီး အိမ်များ၊စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများကို သန့်ရှင်းပြီး ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်အဖြစ် ထောက်ပံ့ပေးနိုင်ပါသည်။

## လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ကွင်းဆင်းစစ်ဆေး

**မူဆယ် ဒီဇင်ဘာ ၅**

မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုလုပ်ငန်းများဖြစ်သည့် ကွန်ကရစ်လမ်း ငါးခု၊ ကျောက်ချောလမ်း တစ်ခု၊တံတားသုံးစင်း၊ လမ်းပေါက်ဖာခြင်းလုပ်ငန်း တစ်ခု၊ အခြားလုပ်ငန်း ငါးခု၊ စုစုပေါင်းလုပ်ငန်း ၁၅ခုအား မြို့ပေါ်ရပ်ကွက် ကိုးရပ်ကွက်တွင် ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများထဲမှ ဌာနကြီးကြပ်ဖြင့် ဆောင်ရွက်မည့် ငွေလုံးငွေရင်းလုပ်ငန်းများအနက် စွမ်စော်ရပ်ကွက်၊မန့်ဝိန်း(၂)လမ်း၊ (၃၃၀'×၁၆'×၆")ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနအမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦး(ဒုတိယညွှန်ကြားရေးမှူး)နှင့် အင်ဂျင်နီယာမှူး ဦးရဲထွဋ်တို့မှ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ယာပုံ)

(ကဆ)

*-*-*-*-*



# နိုင်ငံတကာ အားကစား သတင်းများ



## ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်အဆင့်သို့ လာဇီယိုအသင်း တက်ရောက်

**တူရင် ဒီဇင်ဘာ ၅**

၂၀၂၅-၂၀၂၆ဘောလုံးရာသီတွင် ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်အဆင့်သို့ လာဇီယိုအသင်း တက်ရောက်နိုင်ခဲ့သည်။

လာဇီယိုအသင်းသည် ကိုပါအီတာလီယာဖလား ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်တွင် အေစီမီလန်အသင်းကို တစ်ဂိုး၊ဂိုးမရှိဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

လာဇီယိုအသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် လာမည့် ဖေဖော်ဝါရီ ၅ရက်တွင် ဘိုလော့ဂ်နာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ကာမာဗင်ဂါသည် ခြေကျင်းဝတ်ဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိ



**မက်ဒရစ် ဒီဇင်ဘာ ၅**

ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ကာမာဗင်ဂါသည် ခြေကျင်းဝတ်ဒဏ်ရာကြောင့် ရက်သတ္တပတ် အနည်းငယ်ခန့် အနားယူရမည် ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းက ဘီလ်ဘာအိုအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကာမာဗင်ဂါသည် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကာမာဗင်ဂါသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၅ ပွဲကစားကာ ခြောက်ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

(ဝဲပုံ)

(NGB)

## နည်းပြ ဝီလ်ဖရိုက်နန်စီကို နည်းပြသစ်အဖြစ် ဆဲလ်တစ်အသင်းခန့်အပ်

**လန်ဒန် ဒီဇင်ဘာ ၅**

ဆဲလ်တစ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြဝီလ်ဖရိုက်နန်စီကို နှစ်နှစ်ခွဲစာချုပ်ဖြင့် ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါနည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် CF Montrea အသင်း၊ ခရူးအသင်း စသည့် ကလပ်အသင်းများအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဆဲလ်တစ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။





အသက်(၄၈)နှစ်အရွယ်ရှိ နည်းပြ ဝီလ်ဖရိုက်နန်စီက "ကျွန်တော်အခုလို ဆဲလ်တစ်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကိုယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဆဲလ်တစ်အသင်း အောင်မြင်ဖို့ အစွမ်းကုန် ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(ဝဲပုံ)

(NGB)

## အီဂေါ်သီယာဂိုကို ခေါ်ယူရန် ပရီးမီးယားလိဂ်ကလပ်အသင်းများ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဒီဇင်ဘာ ၅**

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် စပါး၊နယူးကာဆယ်၊အက်စတွန်ဗီလာအသင်းတို့သည် ဘရန့်ဖို့ဒ်အသင်း တိုက်စစ်မှူး အီဂေါ်သီယာဂိုကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၅ ပွဲကစားကာ ၁၂ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဘရန့်ဖို့ဒ်အသင်းကလည်း အီဂေါ်သီယာဂိုအတွက် မြင့်မားသည့် ပြောင်းရွှေ့ဈေးနှုန်းတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် စပါး၊ နယူးကာဆယ်၊အက်စတွန်ဗီလာအသင်းတို့အနေဖြင့် လာမည့်ဆောင်းရာသီဈေးကွက်အတွင်းတွင် ဘရန့်ဖို့ဒ်အသင်းထံမှ အီဂေါ်သီယာဂိုကို မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လည်းဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။(NGB)

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၆-၁၂-၂၀၂၅<br>ည ၇:၀၀ နာရီ | ဗီလာ -<br>(W,W,W,W,W) | အာဆင်နယ်<br>(D,W,W,D,W) | ဗီလာ ၀-၂ အာဆင်နယ်<br>အာဆင်နယ် ၂-၂ ဗီလာ |
| ၆-၁၂-၂၀၂၅<br>ည ၉:၀၀နာရီ | ဘုန်းမောက် -<br>(L,L,D,L,L) | ချဲလ်ဆီး<br>(W,W,W,D,L) | ဘုန်းမောက် ၀-၁ ချဲလ်ဆီး<br>ချဲလ်ဆီး ၂-၂ ဘုန်းမောက် |
| ။ | အဲဗာတန် -<br>(D,W,W,L,W) | နော့တင်ဟမ်<br>(W,W,W,L,W) | အဲဗာတန် ၀-၂ နော့တင်ဟမ်<br>နော့တင်ဟမ် ၀-၁ အဲဗာတန် |
| ။ | မန်စီးတီး -<br>(W,L,L,W,W) | ဆန်းဒါးလန်း<br>(D,D,L,W,D) | မန်စီးတီး ၂-၁ ဆန်းဒါးလန်း<br>ဆန်းဒါးလန်း ၀-၂ မန်စီးတီး ၂၀၁၆-၁၇ |
| ။ | နယူးကာဆယ် -<br>(L,W,L,W,D) | ဘန်လေ<br>(L,L,L,L,L) | နယူးကာဆယ် ၂-၀ ဘန်လေ<br>ဘန်လေ ၁-၄ နယူးကာဆယ် |
| ။ | စပါး -<br>(D,L,L,L,D) | ဘရန့်ဖို့ဒ်<br>(L,W,L,W,L) | စပါး ၃-၁ ဘရန့်ဖို့ဒ်<br>ဘရန့်ဖို့ဒ် ၀-၂ စပါး |
| ၇-၁၂-၂၀၂၅<br>နံနက် ၀၀:၀၀နာရီ | လိဒ်စ် -<br>(L,L,L,L,W) | လီဗာပူး<br>(L,L,L,W,D) | လိဒ်စ် ၁-၆ လီဗာပူး<br>လီဗာပူး ၁-၂ လိဒ်စ် |

### ပြင်သစ် လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၆-၁၂-၂၀၂၅<br>ည ၁၀:၃၀ နာရီ | နန့်တက်စ် -<br>(L,L,D,D,L) | လန်းစ်<br>(L,W,W,W,W) | နန့်တက်စ် ၃-၂ လန်းစ်<br>လန်းစ် ၃-၁ နန့်တက်စ် |
| ၇-၁၂-၂၀၂၅<br>နံနက် ၀၀:၃၀ နာရီ | တူးလော့စ် -<br>(D,D,D,L,D) | စတားရာဘော့<br>(W,W,L,W,L) | တူးလော့စ် ၁-၂ စတားရာဘော့<br>စတားရာဘော့ ၂-၁ တူးလော့စ် |
| ၇-၁၂-၂၀၂၅<br>နံနက် ၀၂:၃၅ နာရီ | ပီအက်စ်ဂျီ -<br>(L,W,W,W,L) | ရင်းနက်စ်<br>(D,W,W,W,W) | ပီအက်စ်ဂျီ ၃-၁ ရင်းနက်စ်<br>ရင်းနက်စ် ၁-၄ ပီအက်စ်ဂျီ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၆-၁၂-၂၀၂၅<br>ည ၈:၃၀ နာရီ | ဆက်ဆူအိုလို -<br>(W,L,W,D,L) | ဖီအိုရင်တီးနား<br>(L,D,D,L,L) | ဆက်ဆူအိုလို ၁-၀ ဖီအိုရင်တီးနား<br>ဖီအိုရင်တီးနား ၅-၁ ဆက်ဆူအိုလို |
| ၆-၁၂-၂၀၂၅<br>ည ၁၁:၃၀ နာရီ | အင်တာမီလန် -<br>(W,L,L,W,W) | ကိုမို<br>(W,D,D,W,W) | အင်တာမီလန် ၂-၀ ကိုမို<br>ကိုမို ၀-၂ အင်တာမီလန် |
| ၇-၁၂-၂၀၂၅<br>နံနက် ၀၂:၁၅ နာရီ | ဗီရိုနာ -<br>(L,L,D,L,L) | အတ္တလန်တာ<br>(L,L,W,W,W) | ဗီရိုနာ ၀-၅ အတ္တလန်တာ<br>အတ္တလန်တာ ၆-၁ ဗီရိုနာ |

### အရှေ့တောင်အာရှ ဆီးဂိမ်း ယူ-၂၂ အမျိုးသားဘောလုံးပြိုင်ပွဲ နိုင်ကမ္ဘာ

| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|
| ၆-၁၂-၂၀၂၅<br>ညနေ ၃:၃၀နာရီ | B | မလေးရှား - လာအို |
| ၆-၁၂-၂၀၂၅<br>ညနေ ၆:၃၀ နာရီ | A | စင်ကာပူ - တီမော |

### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၆-၁၂-၂၀၂၅<br>ည ၇:၃၀ နာရီ | ဗီလာရီးရဲလ် -<br>(W,W,L,W,W) | ဂီတာဖေး<br>(W,L,L,W,W) | ဗီလာရီးရဲလ် ၁-၁ ဂီတာဖေး<br>ဂီတာဖေး ၁-၂ ဗီလာရီးရဲလ် |
| ၆-၁၂-၂၀၂၅<br>ည ၉:၄၅ နာရီ | အလာဗက်စ် -<br>(W,L,L,L,W) | ဆိုစီဒက်<br>(W,D,W,L,W) | အလာဗက်စ် ၁-၀ ဆိုစီဒက်<br>ဆိုစီဒက် ၁-၂ အလာဗက်စ် |
| ၇-၁၂-၂၀၂၅<br>နံနက် ၀၀:၀၀ နာရီ | ဘက်တစ် -<br>(D,D,W,W,W) | ဘာစီလိုနာ<br>(W,W,L,W,W) | ဘက်တစ် ၂-၂ ဘာစီလိုနာ<br>ဘာစီလိုနာ ၁-၁ ဘက်တစ် |
| ၇-၁၂-၂၀၂၅<br>နံနက် ၀၂:၃၀ နာရီ | ဘီလ်ဘာအို -<br>(W,L,D,W,L) | အက်သလက်တီကို<br>(W,W,W,W,L) | ဘီလ်ဘာအို ၀-၁ အက်သလက်တီကို<br>အက်သလက်တီကို ၁-၀ ဘီလ်ဘာအို |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၆-၁၂-၂၀၂၅<br>ည ၉:၀၀ နာရီ | အော့စ်ဘတ် -<br>(L,L,L,W,L) | လေဗာကူဆင်<br>(W,W,W,L,W) | အော့စ်ဘတ် ၀-၂ လေဗာကူဆင်<br>လေဗာကူဆင် ၂-၀ အော့စ်ဘတ် |
| ။ | ဟိုင်ဒန်ဟိမ်း -<br>(L,D,L,L,W) | ဖရိုင်းဘတ်<br>(W,L,D,W,W) | ဟိုင်ဒန်ဟိမ်း ၀-၃ ဖရိုင်းဘတ်<br>ဖရိုင်းဘတ် ၁-၁ ဟိုင်ဒန်ဟိမ်း |
| ။ | ကိုလုံး -<br>(L,W,L,L,D) | စိန့်ပေါ်လီ<br>(L,L,L,L,W) | ကိုလုံး ၄-၁ စိန့်ပေါ်လီ<br>စိန့်ပေါ်လီ ၃-၅ ကိုလုံး ၂၀၁၉-၂၀ |
| ။ | စတုဂတ် -<br>(W,D,W,L,W) | ဘိုင်ယန်မြူးနစ်<br>(D,W,L,W,W) | စတုဂတ် ၁-၃ ဘိုင်ယန်မြူးနစ်<br>ဘိုင်ယန်မြူးနစ် ၄-၀ စတုဂတ် |
| ။ | ဝုဗ်ဘတ် -<br>(L,L,L,L,D) | ယူနီယံဘာလင်<br>(D,D,W,L,L) | ဝုဗ်ဘတ် ၁-၀ ယူနီယံဘာလင်<br>ယူနီယံဘာလင် ၁-၀ ဝုဗ်ဘတ် |
| ၇-၁၂-၂၀၂၅<br>နံနက် ၀၀:၀၀နာရီ | လိုက်ပဇစ် -<br>(W,L,W,D,W) | ဖရန့်ဖတ်<br>(D,W,W,L,D) | လိုက်ပဇစ် ၂-၁ ဖရန့်ဖတ်<br>ဖရန့်ဖတ် ၂-၂ လိုက်ပဇစ် |



## ပုသိမ်ကြီးမြို့နယ်အတွင်း ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး မြေပြင်စာရင်းတိုက်ဆိုင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၅**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပသွားမည်ဖြစ်ရာ နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေးပြည့်ဝစွာရရှိစေရေး၊ မဲပေးခြင်းသည် နိုင်ငံသားများမှ အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်း ဖြစ်သည့်အတွက် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့် မဲဆန္ဒပေးပိုင်ခွင့်ရှိသူပြည်သူများ မိမိတို့၏ ဆန္ဒမဲပေးပိုင်ခွင့်များ ဆုံးရှုံးမှုမရှိစေရေးအတွက် မန္တလေးမြို့အတွင်း မြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း မြေပြင်ကွင်းဆင်းကာ တစ်အိမ်တက်ဆင်းတိုက်ဆိုင်စစ်ဆေးမှု (Door to Door) လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ဒီဇင်ဘာ ၃ရက် နံနက်ပိုင်းက အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်ရှိ ကုလားမတောင်နှင့် ကြာနီကန်ကျေးရွာအုပ်စုအတွင်း (Door to Door) တစ်အိမ်တက်ဆင်းကွင်းဆင်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

ထိုသို့ တိုက်ဆိုင်စစ်ဆေးမှုလုပ်ငန်းစဉ်များကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများဖြစ်သော သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်တို့က တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းထွန်းနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများပါဝင်သည့် မြေပြင်တစ်အိမ်တက်ဆင်းအဖွဲ့ဖြင့် ပုသိမ်ကြီးမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်း နေထိုင်ကြသောပြည်သူများ၏ မဲဆန္ဒရှင်စာရင်းများ မှန်ကန်ပြည့်စုံနိုင်ရေး (Door to Door) တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်းစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်း၊ ပုံစံ-၃ဖြင့် ဖြည့်စွက်ခြင်းနှင့် ပုံစံ-၄ ဖြင့် ပယ်ဖျက်ခြင်းကို ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့သည်။

ဆက်လက်၍ အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် တာဝန်ရှိသူများနှင့်အတူ မတ္တရာမြို့နယ် လွန်တောင်းကျေးရွာရှိ "ကိုးတောင်ပြည့်" ဓမ္မာရုံ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး မဲစာရင်းတွင်ပါရှိစေရေးနှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်နိုင်ရေးနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၄)

## ဆန်စပါးတင်ပို့ဇုန်များတွင် ၂၀၂၆ ခုနှစ် နွေစပါးရာသီ၌ ဧက သုံးသိန်းကျော် စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၅**

ပြည်ပတင်ပို့ရန် စိုက်ပျိုးသည့် ဆန်စပါးတင်ပို့ဇုန်များတွင် ၂၀၂၆ ခုနှစ် နွေစပါးရာသီ၌ ဧရိယာဧက သုံးသိန်းကျော် စိုက်ပျိုးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

"မူဝါဒများ ညှိနှိုင်းပြီးပြတ်တာနဲ့ လာမယ့် ၂၀၂၆ ခုနှစ် နွေစပါးရာသီအမီ (Rice Export Zone)တွေကို လျာထားချက်ပါ ဧရိယာဧကတွေမှာ ဧကသုံးသိန်းကျော် ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်" ဟု အသင်းတာဝန်ရှိသူက ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ညှိနှိုင်းဆွေးနွေးရာတွင် (Rice Export Zone)အရ တစ်ကွင်းတစ်စပ်တည်းဧရိယာကို အနည်းဆုံး ဧက ၃၀၀ သတ်မှတ်ရာမှ နွေစပါးတွင် အနည်းဆုံး ဧက ၅၀ လျှော့ချပေးရေးသတ်မှတ်ပေးရန်နှင့် (Rice Export Zone)နှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံချက်ဖြင့် ဆောင်ရွက်သည့် ဧရိယာများအား သီးခြားစီ ဆောင်ရွက်ရန်တို့ကို ပြင်ဆင်ဖြည့်စွက်ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တင်ပြထားသည်။

ငွေကြေးမူဝါဒကို နိုင်ငံတော်အစီအစဉ်ဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ (Rice Export Zone) တစ်ဧကလျှင် အတိုးနှုန်းကို တစ်ရာခိုင်နှုန်းဖြင့် ချေးငွေရရှိရေးအတွက် စီမံဆောင်ရွက်ပေးရန်နှင့် ပို့ကုန်ကုမ္ပဏီများမှ တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်း ထည့်ဝင်ပြီး တောင်သူများအား တစ်ဧကအတွက် စိုက်ပျိုးစရိတ်စီစဉ်ဆောင်ရွက်ပေးရန် ပြင်ဆင်ဖြည့်စွက်တင်ပြခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၉)



## သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ညောင်ဦး ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (ညောင်ဦး)၌ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ အကောင်အထည်ဖော်ဆောင်ရေးအတွက် ခရိုင်အဆင့်လုပ်ငန်းအဖွဲ့မှ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းကို ဒီဇင်ဘာ ၄ ရက် နံနက် ၁၀ နာရီခွဲက ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့သည်။

အဆိုပါ မြေပြင်ကွင်းဆင်းလုပ်ငန်းအဖွဲ့သည် အခြေခံပညာ အထက်တန်းကျောင်း(ညောင်ဦး) ကျောင်းဝင်းအတွင်း ကျောင်းသား၊ ကျောင်းသူများက လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသည့် သစ်ပင်ပန်းပင်များ၊ ကလေးကစားကွင်း ဆောင်ရွက်ထားရှိမှု၊ အရိပ်ရသစ်ပင်များ စိုက်ပျိုးထားရှိမှု၊ ကားတာယာကွင်းအဟောင်းများ အသုံးပြုကာ ကျောင်းပတ်ဝန်းကျင် သာယာလှပစေရေးဆောင်ရွက်ထားရှိမှု၊ သစ်ခွမျိုးစုံ စိုက်ပျိုးထားရှိမှု၊ စက္ကူအသုံးပြု၍ ရုပ်ပုံဖန်တီးထားရှိမှုနှင့် ချည်လုံး၊ ချည်ထိုးကာ သစ်ပင်ပုံဖန်တီးထားရှိမှုတို့ကို စစ်ဆေးသည်။

ထို့နောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်တင့်တင့်အောင်၊ ညောင်ဦးမြို့နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးမှူး ဦးယိုင်းခန့်သား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သူဇာစိုးတို့က သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ အကောင်အထည်ဖော်ဆောင်ရေးအတွက် လုပ်ငန်းများကို သတ်မှတ်ထားသည့် အခြေခံစံနှုန်း(၄)ချက်၊ အညွှန်းကိန်း(၁၇)ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုတို့အား သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၁)

၀-၀-၀-၀-၀-၀

၀-၀-၀-၀



## ပြောင်းသိုလှောင်သူများက ပြန်လည်ဝယ်ယူလာခြင်းကြောင့် ဈေးနှုန်းအနည်းငယ်မြင့်တက်လာ

**မန္တလေး ဒီဇင်ဘာ ၅**

ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန်အတွက် ပြည်တွင်းပြောင်းသိုလှောင်သူများက ဝယ်ယူလာမှုကြောင့် မန္တလေးဈေးကွက်အတွင်း ပြောင်းဈေးနှုန်းအနည်းငယ် မြင့်တက်လာကြောင်း မန္တလေးပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းက သိရသည်။

ဝယ်ယူမှုကောင်းမွန်လာခြင်းကြောင့် ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၁၃၇၀ ရှိခဲ့ရာမှ ယခုအခါ ငွေကျပ် ၁၄၆၀ ကျော်အထိ မြင့်တက်လာသော်လည်း အရောင်းအဝယ်သွက်လျက်ရှိသည်။

"သိုလှောင်သူတွေက ပြည်ပတင်ပို့မှုနည်းတဲ့အတွက် အရင်လတွေက အဝယ်တော်တော်နည်းခဲ့တယ်၊ ၂၀၂၆ ခုနှစ်မှာ ထိုင်းနိုင်ငံကို တင်ပို့မှုတွေ ပိုမိုလုပ်ဆောင်ကြမှာ ဖြစ်တဲ့အတွက် သိုလှောင်သူတွေက အဝယ်စိပ်လာတာ ဖြစ်ပါတယ်၊ အဝယ်စိပ်လာတဲ့အတွက် ဈေးနှုန်းကလည်း အနည်းငယ်မြင့်တက်လာတာ ဖြစ်ပါတယ်" ဟု အဆိုပါ အသင်းက ကုန်သည်တစ်ဦးက ပြောသည်။

လက်ရှိတွင် တောင်သူများအတွက် ထွက်ခြေကိုက်သော အနေအထားသို့ မရောက်ရှိသေးကြောင်း၊ ပြည်ပနိုင်ငံများသို့ တင်ပို့မှုကို ပိုမိုပြုလုပ်နိုင်ရန်လိုအပ်ပြီး သို့မှသာ ဈေးနှုန်းကောင်းမွန်လာကာ စိုက်ပျိုးတောင်သူများ ပိုမိုအဆင်ပြေနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံမှ ထွက်ရှိသော ပြောင်းသီးနှံများကို ထိုင်းနိုင်ငံသို့ အများဆုံး တင်ပို့လျက်ရှိပြီး ဖိလစ်ပိုင်၊ တရုတ်၊ ဗီယက်နမ်၊ အိန္ဒိယနိုင်ငံများသို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

(အောက်ဝဲပုံ)

(မန္တလေးနေ့စဉ်-၈)



## ခေတ်မီစပါးခြွေလှေ့ စက်ကြီးဖြင့် စပါးများ သန့်စင်ခြွေလှေ့ပေး

**မြစ်သား ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ ကျေးလက်နေတောင်သူလယ်သမားများမှာ ဆောင်းစပါးများ ရိတ်သိမ်းရာတွင် ခေတ်မီစပါးရိတ်စက်များဖြင့် ရိတ်သိမ်းခြင်း၊ ကောက်လှိုင်းများ ခြွေလှေ့ရာတွင်လည်း ခေတ်မီစပါးခြွေလှေ့စက်များကို အသုံးပြုခြင်းတို့ကြောင့် အဆင်ပြေလျက်ရှိသည်။

မြစ်သားမြို့နယ်ရှိ ခြွေလှေ့စက်များကို တစ်နာရီလျှင် ဝန်ဆောင်ခအဖြစ် ငွေကျပ် ၁၇၀၀၀၀ ပေးရပြီး တစ်နာရီ ခြွေလှေ့ရာတွင် စပါးအထွက်နှုန်းအပေါ် မူတည်၍ ၇၅ တင်းမှ တင်း ၈၀ အထိ ရကြောင်း ယခုလက်ရှိဈေးမှာ ငွေကျပ် ၂၁၀၀၀ဖြစ်ကြောင်း ရွာသစ်ကျေးရွာနေ တောင်သူ ဦးဇော်နိုင်ထံက သိရသည်။

ဝင်းမင်းထွန်း(ပြန်/ဆက်)

၀-၀-၀-၀-၀

## ဒေသခံပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်



**မြစ်ကြီးနား ဒီဇင်ဘာ ၅**

(၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲအား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆရာတော်သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းကို ဒီဇင်ဘာ ၄ရက် နံနက် ၁၀နာရီက မြစ်ကြီးနားမြို့ နန်းကွေ့ကျေးရွာ နယ်မြေ(၅)ရှိ ဓမ္မပါရဂူရေဦးကျောင်းတိုက်၌ ကျင်းပသည်။

ဓမ္မပါရဂူရေဦး ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တရာဇိန္ဒက ကြွရောက်တော်မူလာသည့် ဆရာတော်၊ သံဃာတော်များနှင့် တက်ရောက်လာသူများအား နှုတ်ခွန်းဆက်စကားပြောကြားပြီး ကချင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်က တိုင်းရင်းဆေးဝါး ဝယ်ယူသုံးစွဲသူများ သိကောင်းစရာအချက်များအား လည်းကောင်း၊ တင်ပြပြီး ကချင်ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်ကျော်မိုးက အရိုးကျိုးပေါင်းရောဂါနှင့် မြစ်ကြီးနားမြို့ ကုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံ တိုင်းရင်းဆေးမှူး ဒေါ်အေးအေးမြင့်တို့က တိုင်းရင်းဆေးပညာနှင့် ကုသပေးမည့် ရောဂါများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ပြည်နယ်ဦးစီးမှူး ဦးဆောင်သည့် တိုင်းရင်းဆေးဝန်ထမ်းများက ကြွရောက်တော်မူလာသည့် ဆရာတော်၊ သံဃာတော်များ ဒေသခံပြည်သူများအား အရိုး၊ အကြော၊ ဆီးချို၊ သွေးတိုး၊ လေငန်း၊ နှာစေး၊ ခေါင်းကိုက်၊ လေးဖက်နာစသည့် ရောဂါဝေဒနာများအား တိုင်းရင်းဆေးများနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကာ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းသို့ ဘုန်းတော်ကြီးကျောင်းခုနစ်ကျောင်းမှ ဆရာတော်၊ သံဃာတော်(၁၈)ပါးနှင့် ဒေသခံပြည်သူ ၄၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၄)



## ကွန်ပျူတာကျွမ်းကျင်မှု Advance Course အခြေခံသင်တန်း ဖွင့်လှစ်

**မကွေး ဒီဇင်ဘာ ၅**

ဌာနဆိုင်ရာဝန်ထမ်းများအတွက် ယခင်ကွန်ပျူတာအခြေခံသင်တန်းများအပေါ် အခြေခံပြီး ပိုမိုခိုင်မာသည့် နည်းပညာနှင့် စွမ်းရည်များကို တိုးမြှင့်ပေးနိုင်ရန် ရည်ရွယ်၍ Advance Course ကွန်ပျူတာအခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ ရက် နံနက် ၁၀ နာရီက မကွေးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ (အပေါ်ပုံ)

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးက အမှာစကားပြောကြားသည်။

ထို့နောက် မကွေးကွန်ပျူတာတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာမျိုးမင်းသန်းက သင်တန်းတွင် ပို့ချမည့် အစီအမံများအား ရှင်းလင်းတင်ပြပြီး သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများအား တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တိုင်းဒေသကြီးအတွင်းရေးမှူးတို့က ပေးအပ်ရာ သင်တန်းသားနှစ်ဦးက လက်ခံရယူခဲ့သည်။

အဆိုပါသင်တန်းကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်း ၃၀ ဦးအား သင်တန်းနည်းပြများက ကွန်ပျူတာဖြင့် အခြေခံရုံးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် Word , Excel , Power point Application များအပြင် Website များ၊ AI Tool အသုံးပြုပုံပြုနည်းနှင့် သတင်းအချက်အလက်များကို Website တွင် Upload ပြုလုပ်ခြင်းဆိုင်ရာများကို နှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

## မိုးစပါး ၂၁၂၄၇ ဧက ပြန်လည်ရိတ်သိမ်းပြီးစီး

**ကန့်ဘလူ ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ၁၅၀၉၈၆ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ မိုးစပါး ၂၁၂၄၇ ဧက ပြန်လည်ရိတ်သိမ်းပြီးစီးပြီး တင်းပေါင်း ၁၄၈၁၃၂၈ တင်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ စပါးထုတ်လုပ်မှုတိုးတက်လာခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ ရာသီဥတု ရေမြေဒေသနှင့် ကိုက်ညီသော အရည်အသွေးကောင်း မျိုးများ၊ အထွက်ကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးသွားနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဒေသခံတောင်သူလယ်သမားများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ကန့်ဘလူမြို့နယ်အတွင်း မိုးစပါးများကို ယခုနှစ် ဇူလိုင်လက စတင်စိုက်ပျိုးခဲ့ပြီး စက်တင်ဘာလကုန်၌ မိုးစပါး ၁၅၀၉၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ကာ ယခုအခါ မိုးစပါး ၂၁၂၄၇ ဧက ပြန်လည်ရိတ်သိမ်းပြီးစီး၍ တစ်ဧကပျမ်းမျှ တင်း ၇၀ ခန့်ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးဇော်ထံမှ သိရသည်။

ဒေသခံတောင်သူများသည် မိုးစပါးမျိုးများဖြစ်သည့် ဧရာမင်း၊ ပေါ်ဆန်းရင်၊ ရွှေသွယ်ရင်၊ မနောသုခ၊ ဆင်းသုခနှင့် အောင်နိုင်တိုးစပါးမျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်

(အောက်ပုံ)

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

၀-၀-၀-၀-၀





## မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရေး စာမေးပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၅**

ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ထူးချွန်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် ချမ်းအေးသာစံမြို့နယ် ပညာရေးမှူးရုံးအနေဖြင့် မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရေး စာမေးပွဲကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

"ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းသားလူငယ်များအား ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး၊ အသိပညာဗဟုသုတများစွာရရှိစေရေးနှင့် ဘက်စုံထူးချွန်သည့် လူရည်ချွန်များ ပေါ်ထွန်းလာစေရေးတို့အတွက် မြို့နယ်အဆင့် လူရည်ချွန် ရွေးချယ်ရေးစာမေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း" မြို့နယ်ပညာရေးမှူးဆရာမကြီး ဒေါ်ဝါဝါကျော်က ပြောကြားခဲ့သည်။

မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရေး စာမေးပွဲကို ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ Grade-9 ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး၊ Grade-10 ကျောင်းသား၊ ကျောင်းသူ ၁၃ ဦး၊ Grade-11 ကျောင်းသား၊ ကျောင်းသူ ၁၁ ဦး၊ Grade-9 ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး စာမေးပွဲကာလမှာ ဒီဇင်ဘာ ၃ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ကျင်းပကြောင်း မြို့နယ်ပညာရေးမှူး ဆရာမကြီးထံမှ သိရသည်။

(အပေါ်ပုံ)

ချမ်းမြေ့မောင်(ချမ်း/စံ)

၀-၀-၀-၀-၀-၀

## အောင်မြေသာစံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက အခွန်ဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၅**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်မြေသာစံမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက အခွန်ဆိုင်ရာဆွေးနွေးပွဲကို ဒီဇင်ဘာ ၄ ရက် နံနက် ၁၀နာရီက မန္တလေး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ၆၅လမ်း၊ ၂၂ လမ်းနှင့် ၂၃ လမ်းကြား တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။ (အောက်ပုံ)

တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်နွယ်ဌေးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်မေစံပယ်ဖြူအောင်က ပြည်တွင်းအခွန်ဦးစီးဌာနမှ ကောက်ခံလျက်ရှိသည့် အခွန်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဟောပြောရာ တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။ အဆိုပါအခမ်းအနားသို့ မြို့နယ်အတွင်းရှိ လုပ်ငန်းရှင် ၁၀၀ ဦး တက်ရောက်ကြကြောင်းသိရသည်။ (၀၉၃)



ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ ॥

# မန္တလေးလျှင်နဲ့ ဌာပနာအမွေအနှစ်များ-၂၂

ကုန်းဘောင်ခေတ်ဦးပိုင်းလောက်ကစပြီး ဘုရား၊ ပုထိုး၊ စေတီတော်တွေ တည်ဆောက်လှူဒါန်းကြတဲ့အခါ အစဉ်အလာ ဘုရားဆင်းတုတော်များ ထပ်တိုး သတ္တသတ္တာဟာရုပ်တုများ ဗုဒ္ဓဝင်လာဇာတ်ကွက်ရုပ်တုများအပြင် အမြဲလိုလို တွေ့ရလေ့ရှိတဲ့ ရုပ်တုတစ်ခုကတော့ ပြာသာဒ်ဆောင်အတွင်းမှာ ဆွမ်းဘုဉ်းပေးနေဟန် ရှင်ဥပဂုတ္တမထေရ် ဖြစ်ပါတယ်။ ရှင်ဥပဂုတ္တမထေရ်ဆိုရင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတိုင်း သာမန်အားဖြင့် ကြားဖူးပြီးသား သိကြပြီးသား ဖြစ်ပါတယ်။ ရှင်ဥပဂုတ္တမထေရ်အကြောင်း သိကြပြီးသား ဖြစ်သော်လည်း သူကဘယ်လို မထေရ်မျိုးလဲ၊ ဘာအစွမ်းတွေရှိလို့လဲ၊ ဘာကြောင့် ဘုရားဌာပနာတွေထဲမှာ အမြဲတွေ့နေရတာလဲ ဆိုတာ ထဲထဲဝင်ဝင် သိစေချင်လို့ ဒီဆောင်းပါးနဲ့ တင်ပြရခြင်း ဖြစ်ပါတယ်။ ပထမဆုံးစပြီး တင်ပြချင်တာက ရှင်ဥပဂုတ္တမထေရ်ဆိုတာ ဘုရားဟော ပိဋကတ်သုံးပုံမှာ မပါဝင်ပါဘူးတဲ့။ မြတ်ဘုရား သက်တော်ထင်ရှားရှိစဉ်ကာလက အဖြစ်အပျက်လည်း မဟုတ်ပါဘူးတဲ့။ အထူးသဖြင့် မြတ်ဘုရား ပရိနိဗ္ဗာန်စံဝင်အပြီး နှစ်ပေါင်း ၂၁၈ နှစ်ခန့် ကာလ သီရိဓမ္မာသောက မင်းကြီးလက်ထက်မှ ထင်ရှားလာတဲ့ မထေရ်ငယ်တစ်ပါး ဖြစ်ပါတယ်။ မထေရ်ငယ်ဆိုပေမယ့် အစွမ်းတန်ခိုးကြီးမားစွာ ပိုင်ဆိုင်ပြီး မာရ်နတ်မင်းကိုတောင် အန့်တုဗလပြုပြီး ဆုံးမနိုင်တဲ့ မထေရ်လည်း ဖြစ်ပါတယ်။ ဒီတော့ ရှင်ဥပဂုတ္တမထေရ်အကြောင်းကို ဇိနတ္ထပကာသနီကျမ်းပြုအရှင် ကျီးသဲလေးထပ်ဆရာတော်က အဲ့ဒီကျမ်းကြီးရဲ့ စာမျက်နှာ ၄၁၁ ကစပြီး ၄၁၅ အထိ ရေးသားထားတာကို အောက်ပါအတိုင်း အကျဉ်းအားဖြင့် ပြန်လည်ဖော်ပြလိုက်ပါတယ်။

